mgyoe.com SAMPLE BOOK

# မြန်မာ့နိုင်ငံတော်သမိုင်း

ဝန်းမော်တာလမြောက်



mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာနိုင်ငံတော်သမိုင်း

ဝင်းမော်တင်မောင်

ISBN 978-99971-44-14-0
K0401
9 789997 144140 >

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ၁၉၆၁ ခုနှစ်။
ဒုတိယအကြိမ် - ၂၀၁၁ ခုနှစ်။
တတိယအကြိမ် - အောက်တိုဘာလ၊ ၂၀၁၃ ခုနှစ်။
စတုတ္ထအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၂၀ ပြည့်နှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော် - ဇော်မောင်
တန်ဖိုး - ၅၀၀၀ ကျပ်

mgyoe.com

mgyoe.com

SAMPLE BOOK

# မြန်မာနိုင်ငံတော်သမိုင်း

ဗန်းမော်တင်အောင်



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK


# မာတိကာ


| | စာမျက်နှာ |
|---|---|
| အခန်း(၁) မြန်မာနိုင်ငံတော်သမိုင်းကို လေ့လာခြင်း | |
| - လိုအပ်နေသော သမိုင်းတစ်စောင် | ၂၇ |
| - သမိုင်းဆိုသည်ကား အဘယ်နည်း | ၃၆ |
| - မြန်မာနိုင်ငံ၏ ပထဝီအနေအထား | ၅၁ |
| အခန်း(၂) ပုဂံခေတ် မတိုင်မီ မြန်မာနိုင်ငံ | ၆၁ |
| အခန်း(၃) ပုဂံခေတ် မြန်မာနိုင်ငံ | ၈၉ |
| အခန်း(၄) အင်းဝနှင့် ဟံသာဝတီခေတ် မြန်မာနိုင်ငံ | ၁၂၂ |
| အခန်း(၅) တောင်ငူ-ညောင်ရမ်းခေတ် မြန်မာနိုင်ငံ | ၁၃၈ |
| အခန်း(၆) ကုန်းဘောင်ခေတ် မြန်မာနိုင်ငံ | ၁၆၂ |
| အခန်း(၇) ကိုလိုနီခေတ် မြန်မာနိုင်ငံ | ၂၀၄ |


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com


mgyoe.com SAMPLE BOOK




ကုန်းဘောင်ဆက် မြန်မာ့အင်ပါယာပိုင်မြေပုံ

mgyoe.com


mgyoe.com SAMPLE BOOK



(ပုဂံ မတိုင်မီခေတ်)၊ သထုံခရိုင်၊ ဇုတ်သုတ်ရွာ၊ မုဂလုကုန်းတောင်
မျက်နှာ၊ ဆင်တပ်–မြင်းတပ်၊ အနောက်ဆုံးထောင့်ရှိ နံရံမှ ကျောက်ရုပ်
(မွန်တို့၏ ယဉ်ကျေးမှုပစ္စည်း)

mgyoe.com

mgyoe.com SAMPLE BOOK




(ပုဂံ မတိုင်မီခေတ်)


ရခိုင်စန္ဒမင်းဆက်ဒင်္ဂါးများ

mgyoe.com

mgyoe.com
SAMPLE BOOK




ဟန်လင်းခေတ်ဒင်္ဂါး၊ မျက်နှာဘက်(ပုဂံခေတ်မတိုင်မီ)



ဟန်လင်းခေတ်ဒင်္ဂါး၊ ကျောဘက်(ပုဂံခေတ်မတိုင်မီ)

mgyoe.com

mgyoe.com
SAMPLE BOOK




(ပုဂံခေတ်မတိုင်မီ)

ရွှေဘိုခရိုင်၊ ဟန်လင်းကြီးမြို့၊ ရေပူကုန်းရပ်၊ မြသိန်းတန်ကျောင်းရှိ

ပြုရုပ်ကျောက်ပြား

mgyoe.com


mgyoe.com SAMPLE BOOK



(ပုဂံ မတိုင်မီခေတ်) ပြည်ခရိုင်၊ မှော်ဇာမြို့၊ ခင်ဘကုန်းမှရသော
ငွေခေါင်းပွဲဘုရား တပလ္လင်ခွေ၊ ၎င်းရုပ်ထုအထက် ဗောဓိပင်စေတီ
(နခမ်း ပြုစာပါသည်။)

mgyoe.com

mgyoe.com
SAMPLE BOOK




(ပုဂံ မတိုင်မီခေတ်)

ပြည်ခရိုင်၊ မှော်ဇာမြို့ဘုရားကြီးဘုရား

mgyoe.com

mgyoe.com SAMPLE BOOK




(ပုဂံမတိုင်မီခေတ်)

ပြည်ခရိုင်၊ မော်ဇာမှ တွေ့ရှိရသော ငွေဒင်္ဂါးပြားများ

mgyoe.com

mgyoe.com SAMPLE BOOK




(ပုဂံမတိုင်မီခေတ်)

ပြည်ခရိုင်၊ မှော်ဇာမြို့ ဘောဘောကြီး ဘုရား

mgyoe.com


mgyoe.com
SAMPLE BOOK



ရွှေစည်းခုံဘုရား(ပုဂံခေတ်)

mgyoe.com

mgyoe.com SAMPLE BOOK



အာနန္ဒာဘုရား(ပုဂံခေတ်)

mgyoe.com

mgyoe.com
SAMPLE BOOK



သဗ္ဗညုဘုရား(ပုဂံခေတ်)

mgyoe.com


mgyoe.com SAMPLE BOOK



ကောင်းမှုတော်ဘုရား(တောင်ငူ–ညောင်ရမ်းခေတ်)

mgyoe.com


mgyoe.com
SAMPLE BOOK



ကရဝိတ်ဖောင်တော်(ကုန်းဘောင်ခေတ်)

mgyoe.com

mgyoe.com
SAMPLE BOOK




(ကုန်းဘောင်ခေတ်)

၁၈– ရာစုနှစ်က မြန်မာဘုန်းကြီးကျောင်းတော်

mgyoe.com

mgyoe.com SAMPLE BOOK



ကရက်ဒေါက် ပြန်သွားဟု
ဗြိတိသျှဘုရင်ခံကိုပင် မောင်းထုတ်ခဲ့သော
ဆရာတော်ဦးဥတ္တမ

mgyoe.com

mgyoe.com SAMPLE BOOK




(ကိုလိုနီခေတ်)

သာယာဝတီသူပုန်ခေါင်းဆောင်ကြီး ဆရာစံ

mgyoe.com


mgyoe.com SAMPLE BOOK



မြန်မာအမျိုးသားများ၏ ကိုလိုနီဆန့်ကျင်ရေး တိုက်ပွဲကို
အဆက်မပြတ် ခေါင်းဆောင်ခဲ့သော
ဆရာကြီးသခင်ကိုယ်တော်မှိုင်း

mgyoe.com

mgyoe.com SAMPLE BOOK



လွတ်လပ်ရေးတိုက်ပွဲအတွင်း လုပ်ကြံခံလိုက်ရသော
အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

mgyoe.com

mgyoe.com SAMPLE BOOK

မိမိ၏ တိုင်းပြည်နှင့် အမျိုးသားများကိုသာလျှင် မဟုတ်ဘဲ

လူ့အနွယ်ကြီးတစ်ရပ်လုံးကိုပါ လေးမြတ်ချစ်ခင်တတ်အောင်

သွန်သင်ပဲ့ပြင်ပေးခဲ့ကြသော မိဘနှစ်ပါးတို့အား

ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁ )

# မြန်မာနိုင်ငံတော်သမိုင်းကို လေ့လာခြင်း

## လိုအပ်နေသော သမိုင်းတစ်စောင်

"မိမိနိုင်ငံ၏ သမိုင်းကို ဖတ်ရှုလေ့လာရစကောင်းမှန်း မသိသော လူမျိုးသည် အတိတ်က မိမိကျူးလွန်ခဲ့ပြီးသော အမှားအယွင်းများကို ထပ်မံ ကျူးလွန်ခြင်း ပြုရန်အတွက် ကြမ္မာငင်လျက် ရှိလိမ့်မည်" ဟူ၍ အဘိဓမ္မာ ပညာရှင်ကြီး တစ်ဦး ဖြစ်သူ ဂျော့စန္တာယနာက ရည်ညွှန်းဖူးသည်။ သို့ရာတွင် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ မိမိတို့ တိုင်းပြည်၏ သမိုင်းကို လေ့လာဖတ်ရှုခြင်း ပြုလိုသူများအတွက် ခေတ်မီ တိုးတက်လျက် စိတ်ကျေနပ်ဖွယ်ရာ သမိုင်းတစ်စောင်၊ တစ်ကျမ်းမျှ မတွေ့ မမြင် မိသေးပေ။ ဤသို့ ဆိုလိုက်သည်ကို ယခုခေတ်တွင် 'သမိုင်း' ဟူ၍ အမည်တပ်ကာ မိမိတို့ စိတ်ကူးရရာ ရေးသားထုတ်ဝေခြင်း ပြုနေကြကုန်သော ပုဂ္ဂိုလ်အချို့ကမူ လက်ခံခြင်း ပြုချင်မှ ပြုနိုင်ကြလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာမူ တစ်တိုင်း တစ်ပြည်လုံးနှင့် အရေးတကြီး သက်ဆိုင်နေသော ကိစ္စတစ်ရပ်ကိုမူကား ပွင့်ပွင့် လင်းလင်း ထုတ်ဖော်ပြောဆိုရမည်သာ ဖြစ်ချေသည်။

mgyoe.com

mgyoe.com


မြန်မာနိုင်ငံ၏ သမိုင်းအဆင့်ဆင့် တိုးတက်ဖြစ်ပေါ်မှုနှင့် စပ်လျဉ်း၍ မှတ်တမ်းတင် ရေးသားဆဲ စာအုပ်စာတမ်းများလည်း ရှိကောင်း ရှိလိမ့်မည်။ သို့ရာတွင် မှတ်တမ်းတင် ကမ္ပည်းရေးထိုးထားပြီး၍ အများပြည်သူလူထု၏ လက်ဝယ်သို့ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်သော သမိုင်းဝင်စာပေများနှင့် ပတ်သက်၍ အသေးစိတ် မပဟုတ်သည့်တိုင်အောင် အကြမ်းဖျင်းသဘောလောက် ဝေဖန်ကြည့်ရှုဖို့ လိုသည်။ အထူးသဖြင့် နိုင်ငံသစ်ကို ပြန်လည်ထူထောင်နေသော ယခုကဲ့သို့ အချိန်တွင် ယထာဘူတကျကျနှင့် မှန်မှန်ကန်ကန် စိစစ်ကြည့်ရှုဖို့၊ သုံးသပ်ဖို့ သာလွန်၍ လိုအပ်သည်။

ကျွန်ုပ်တို့ လက်လှမ်းမီသလောက် ဖြစ်သော မြန်မာနိုင်ငံ သမိုင်းဝင် စာပေများထဲတွင်–

(က) လူမျိုးစုတစ်စုထက် ပိုမိုနေထိုင်လျက် ရှိသော ဤနိုင်ငံတွင် မိမိတို့ လူမျိုးစုတစ်စုတည်း၏ အမြင်နှင့် ရှုထောင့်အသီးသီးမှသာ ရေးသားခြင်း ပြုခဲ့ကြသော ရာဇဝင်၊ မော်ကွန်း၊ မှတ်တမ်းနှင့် အရေးတော်ပုံ စာပေများ။

(ခ) မိမိတို့ လူ လက်တစ်ဆုပ်စာ လူတန်းစား ကွက်ကွက်ကလေး၏ ရှုထောင့်အထွေထွေမှ ကျဉ်းကျဉ်းမြောင်းမြောင်း ဖွဲ့နွဲ့ရေးသားထားခဲ့ကြသော ဘုန်းတော်ဘွဲ့၊ ရွှေနားတော်သွင်း ချေင်း၊ ကမ္ပည်းကျောက်စာတိုင်နှင့် အုပ်ချုပ်ပုံ စသော စာပေစာတမ်းများ၊

(ဂ) တိုင်းတစ်ပါးနှင့် လူမျိုးခြားများ၏ အမြင်နှင့် ရှုထောင့်အမျိုးမျိုးမှ မှတ်တမ်းတင် ရေးခဲ့ခြင်း ပြုခဲ့ကြသော သမိုင်းနှင့် ခရီးသွားမှတ်တမ်း စသော စာပေများ ဟူ၍ အခြေခံအားဖြင့် သုံးမျိုးသုံးစား တွေ့ရှိရသည်။

သို့ရာတွင် အများပြည်သူတို့၏ အကြောင်းအရာ၊ အဖြစ်အပျက်များနှင့် ပတ်သက်၍ မှတ်တမ်းတင်သော သမိုင်းဝင်စာပေမျိုးကိုကား လုံးလုံးလျားလျားပင် မတွေ့ရှိရသလောက် ဖြစ်ချေသည်။

ဤကဲ့သို့ လက်လှမ်းမီသလောက် ဖြစ်သော သမိုင်းဝင်စာပေများကို ပြန်လည် စစ်ဆေးကြည့်ရှုသောအခါ မြန်မာနိုင်ငံ၏ သမိုင်းဖြစ်ပေါ်တိုးတက်မှု အဆင့်ဆင့်တွင် သူ့ခေတ်နှင့် သူ့အချိန်အခါက မှတ်တမ်းတင် ရေးသားထားခဲ့ခြင်း ဖြစ်သည် ဆိုသော အချက်ကြီးတစ်ချက်ကို လေးလေးနက်နက် သတိချပ်ရပေလိမ့်မည်။ ထိုသို့မဟုတ်ဘဲ အထက်ဖော်ပြပါ သမိုင်းဝင်စာပေများကို ယခု

mgyoe.com

ခေတ်အမြင်နှင့် ရှုထောင့်မှ တစ်ဖက်သတ် လေ့လာကြည့်ရှုမည် ဆိုပါက တစ်ဖက်စွန်းသို့ ကျရောက်သွားမည်ဖြစ်လျက် မှန်မှန်ကန်ကန် ဝေဖန်သုံးသပ်ခြင်းလည်း ပြုနိုင်ဖွယ်ရာ အကြောင်း မရှိပေ။ ထိုနည်းအတူပင် အဏုမြူခေတ်အားကို လူသားတို့က စေစားရန် စမ်းသပ်အားထုတ်နေကြပြီဖြစ်သော မျက်မှောက်ခေတ်ကြီးကို ကျောခိုင်းလျက် ခေတ်ဟောင်းကိုပင် အကြွင်းမဲ့ လွမ်းဆွတ်တသခြင်း ပြုနေကြဦးမည် ဆိုလျှင်လည်း ရယ်မောဖွယ်ရာ ကောင်းနေဦးမည် ဖြစ်သည့်အပြင် ဘေးအန္တရာယ်သည်လည်း မိမိတို့ အိမ်တံစက်မြိတ်အောက်သို့ ဝင်ရောက်လာပေလိမ့်မည်။ ထို့ကြောင့် ဤလက်လှမ်းမီသမျှ သမိုင်းဝင်စာပေများကို ယထာဘူတကျကျနှင့် မှန်မှန်ကန်ကန် စိစစ်ကြည့်ရှုရန် လိုအပ်သည်ဟု အထက်က သတိပေးခဲ့ခြင်း ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုအသီးသီး၌ မိမိတို့ လူမျိုးစုများ၏ အမြင်နှင့် ရှုထောင့်အမျိုးမျိုးမှ မှတ်တမ်းတင် ရေးသားထားကြသော ရာဇဝင်များ အစောင်စောင် ရှိပေသည်။ အချို့သော လူမျိုးစုများသည် သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုအချိန်ကတိမ်ကောပပျောက်သွားခဲ့ကြပြီဖြစ်သည့်တိုင်အောင်လည်း ၎င်းတို့၏ ရာဇဝင်နှင့် မှတ်တမ်းများကား ယနေ့တိုင် ကြွင်းကျန်လျက် ရှိနေသေးသည်။ (ဥပမာ- ပြူ ကမ်းယံနှင့် သက်ဟု အဆိုရှိသော ရှေးဟောင်းလူမျိုးစုများ)

မြန်မာတို့၌ မဟာရာဇဝင်တော်ကြီးမှ အစပြုလျက် ရာဇဝင်လတ်၊ ရာဇဝင်ချုပ်၊ မှန်နန်းရာဇဝင်တော်ကြီးနှင့် ကုန်းဘောင်ဆက်ရာဇဝင်အထိ အစောင်စောင်သော ရာဇဝင်များ ရှိကြသည်။ ထို့အပြင်လည်း အများအပြား ရှိကြလေသည်။

မြန်မာများနည်းတူ မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုတွင် ကြီးမားခမ်းနားသော ကဏ္ဍမှနေ၍ ပါဝင်ခြင်း ပြုခဲ့ကြသော မွန်၊ ရှမ်းနှင့် ရခိုင်စသော လူမျိုးစုများ၌လည်း ၎င်းတို့ လူမျိုးစုများ၏ ရှုထောင့်နှင့် အမြင်များအသီးသီးမှ မှတ်တမ်းတင်ထားခဲ့ကြသော ရာဇဝင်များ အစောင်စောင် ရှိခဲ့ကြလေသည်။ အခြားလူမျိုးစုများ ဖြစ်ကြသော ကရင်၊ ပအိုဝ်း၊ ကချင်၊ ကယားနှင့် ချင်း အစရှိသည်တို့၌လည်း ၎င်းတို့ဘာသာဘာဝအလျောက် မှတ်တမ်းတင်ထားကြသော မျိုးစဉ်မျိုးဆက် မှတ်တမ်းများနှင့် ရာဇဝင်များ ရှိကြသည်။

ဤရာဇဝင်နှင့် မှတ်တမ်းအစောင်စောင်များအပြင် လူမျိုးစုတစ်စုက

mgyoe.com

mgyoe.com SAMPLE BOOK

အခြားတစ်စုအား လည်းကောင်း၊ ဒေသတစ်ခုက အခြားဒေသတစ်ခုအား လည်းကောင်း တိုက်ခိုက်အောင်နိုင်ခဲ့ကြသော တိုက်ပွဲအောင်ပွဲများကို ဖွဲ့နွဲ့ မှတ်တမ်းတင်ထားကြသော မော်ကွန်းများ၊ အရေးတော်ပုံများ စသည်ဖြင့်လည်း ရှိကြသည်။

ဤကဲ့သို့ နိုင်ငံတစ်ခုအတွင်းသို့ လူမျိုးများ စတင်ဝင်ရောက်ရာ၌ အခြေချနေထိုင်ခြင်း၊ တိုးတက်ချဲ့ထွင်ခြင်းနှင့် ပေါင်းရုံးစည်းလုံးခြင်း စသော အကြောင်းအရာနှင့် အဖြစ်အပျက်များကို မှတ်တမ်းတင်ခြင်း ပြုကြရာတွင် အထက်ဖော်ပြပါ ရာဇဝင်မော်ကွန်းနှင့် အရေးတော်ပုံ အစရှိသော သမိုင်းဝင်စာပေများသည် မိမိတို့လူမျိုးစုတစ်စုအမြင်နှင့် ရှုထောင့်များမှသာလျှင် ရေးသားခြင်း ပြုခဲ့ကြသည်သာ ဖြစ်လေရကား မိမိတို့ လူမျိုးစုများ၏ အကျိုးနှင့် အကြောင်းအရာ တို့ကိုသာလျှင် အဓိကထားရှိ၍ လည်းကောင်း၊ ဦးစားပေး ကာကွယ်၍ လည်းကောင်း၊ ဖွဲ့နွဲ့ ဂုဏ်တင်၍ရေးသားခြင်း ပြုကြလျက် အခြားသောလူမျိုးစုများကို တစ်ဖက်သတ် အဆိုးချ၍ လည်းကောင်း၊ အပြစ်ဖို့ ရှုတ်ချ၍ လည်းကောင်း ရေးသားခြင်း ပြုကြသည်ကိုသာလျှင် ယေဘုယျအားဖြင့် တွေ့ရှိရလေသည်။

နိုင်ငံတစ်နိုင်ငံအတွင်းသို့ လူမျိုးစု တစ်စုထက် ပို၍ ဝင်ရောက်အခြေချနေထိုင်ရန် ကြိုးပမ်းအားထုတ်ခြင်း ပြုကြသောအခါများတွင် ထိုလူမျိုးစုများ အသီးသီး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့၏ တိုးတက်ဖြစ်ပေါ်မှုသည် မညီမမျှ ရှိနေတတ်ခြင်းကြောင့် ထိုမညီမမျှမှုပေါ်တွင် အခြေခံ၍ ပဋိပက္ခတရားတို့သည် မလွှဲသာ မရှောင်သာ ပေါ်ပေါက်လာလိမ့်မည်သာ ဖြစ်လေသည်။ ဤကဲ့သို့သော အဖြစ်အပျက်များသည် မြန်မာနိုင်ငံ တစ်နိုင်ငံတည်း၌ ထူးထူးခြားခြား ပေါ်ပေါက်လာသည်ကား မဟုတ်ပေ။ ကမ္ဘာ့နိုင်ငံ နိုင်ငံတိုင်း၌ အနည်းနှင့်အများ ပေါ်ပေါက်ခဲ့၊ ပေါ်ပေါက်ဆဲ ဖြစ်သော ယေဘုယျတရားမျှသာ ဖြစ်လေသည်။ *နိုင်ငံတစ်ခု၏ အတွင်း၌ လူမျိုးစုအချင်းချင်း တန်းတူညီမျှသော ဆက်ဆံရေးကို မတည်ဆောက်နိုင်သေးသရွေ့ ကာလပတ်လုံး၊ လူမျိုးစုတိုင်း၏ မိမိကြမ္မာ မိမိဘာသာ ဖန်တီးစီရင်ပိုင်ခွင့်ကို လက်ခံကျင့်သုံးခြင်း မပြုနိုင်သေးသရွေ့ ကာလပတ်လုံး ထိုပဋိပက္ခတရားသည် ထိုနိုင်ငံ၏ ကြမ္မာကို ဖန်တီးမြဲ ဖန်တီးနေလိမ့်ဦးမည်သာ ဖြစ်လေသည်။*

ဤကဲ့သို့ မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် လူမျိုးစုများအတွင်း

mgyoe.com

mgbook.com SAMPLE BOOK

မလွှဲသာ မရှောင်သာ ပေါ်ပေါက်ဖြစ်ပွားလာခဲ့သော ပဋိပက္ခများကို လူမျိုးစု တစ်စုက အခြားလူမျိုးစုများအပေါ်၌ တစ်ဖက်သတ် အဆိုးချ အပြစ်ဖို့၍ လည်းကောင်း၊ မိမိလူမျိုးစုကိုသာလျှင် ကာကွယ်ဂုဏ်တင်၍ လည်းကောင်း၊ မှတ်တမ်းတင် ရေးသားခြင်း ပြုလာခဲ့ကြသော ရာဇဝင်အစောင်စောင်တို့သည် သူ့ခေတ်နှင့် သူ့အခါအလျောက် ပေါ်ပေါက်လာခဲ့ကြခြင်း ဖြစ်သည် မှန်သော်လည်း ယခုကဲ့သို့ 'ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်' ဟူ၍ ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ကို စုပေါင်းတည်ဆောက်နေကြသော ခေတ်အခါသမယတွင် လေးလေးနက်နက် စဉ်းစားဖို့ သင့်လျော်လှပေပြီ။

ထိုကဲ့သို့ ပြည်ထောင်စုသားများ အချင်းချင်း အထင်လွဲမှား၍ စိတ်နာကြည်းစေမည့် သမိုင်းဝင်စာပေများကို စာသင်ကျောင်းများနှင့် လူထုစာကြည့်တိုက်များ၌ ဆက်လက်သင်ကြားထားရှိရန် အလျှင်းပင် မတော်တော့ပေ။ ယထာဘူတကျကျနှင့် မှန်မှန်ကန်ကန် ချင့်ချိန်ဝေဖန်၍ လေ့လာဖတ်ရှုခြင်း မပြုနိုင်ကြသေးသော ကျောင်းသားလူငယ်များနှင့် လမ်းပေါ်မှ လူများအတွက် ဘေးအန္တရာယ် များပြားနိုင်စရာ ရှိသည်။ ၎င်းအပြင် လူထုသည် ပိဋကတ်အိုးကွဲများ မဟုတ်ကြသေး ဆိုသော အချက်ကိုလည်း အထူးသတိချပ်သင့်လေသည်။ ထိုကဲ့သို့ စိုးရိမ်ဖွယ်ရာ သမိုင်းဝင် စာအုပ်စာတမ်းများကို သုတေသီတို့အတွက် သတ်သတ်ထားရှိသော စာကြည့်တိုက်များနှင့် အမျိုးသားယဉ်ကျေးမှု ပြတိုက်များလောက်တွင်သာ သိမ်းဆည်းထားဖို့ သင့်ပေပြီ။

ဤကဲ့သို့ မှတ်တမ်းတင် ရေးသားထားခြင်း ပြုခဲ့ကြသော ရာဇဝင်နှင့် မော်ကွန်းအပြင် မြန်မာနိုင်ငံအား ပဒေသရာဇ်မင်းများ စိုးမိုးအုပ်ချုပ်ခြင်း ပြုခဲ့ကြသော သမိုင်းတစ်လျှောက်တွင် အုပ်ချုပ်သူ လူတန်းစားကွက်ကွက်ကလေး၏ အမြင်နှင့် ရှုထောင့်များမှ ဖွဲ့နွဲ့ရေးသားခြင်း ပြုခဲ့ကြသေးသော ဘုန်းတော်ဘွဲ့၊ အရေးတော်ပုံ၊ ရွှေနားတော်သွင်း ချေင်းနှင့် အုပ်ချုပ်ပုံ စာတမ်း အစရှိသော သမိုင်းဝင်စာပေများကိုလည်း ချင့်ချင့်ချိန်ချိန်နှင့် မှန်မှန်ကန်ကန် စိစစ်ဖို့ လိုသည်။ နိုင်ငံတစ်နိုင်ငံ၏ အခြေခံများဖြစ်ကြသော လယ်ယာ၊ ချောင်း၊ မြောင်း၊ ဥစ္စာဘဏ္ဍာ၊ မြို့ပြပြည်ရွာနှင့် ကာကွယ်ရေး စသော လုပ်ငန်းဆောင်တာတို့ကို ထူထောင်လုပ်ဆောင်ခြင်း ပြုရာ၌ အဓိက အားစိုက်ထမ်းဆောင်ခြင်း ပြုကြရသူများမှာ အများပြည်သူတို့ ဖြစ်သော ကျေးတော်မျိုး၊ ကျွန်တော်မျိုးများသာ ဖြစ်ကြလေသည်။

mgbook.com

mgyoe.com

သို့ရာတွင် အထက်ပါ သမိုင်းဝင်စာပေများ၌ နိုင်ငံတစ်ခုကို ထူထောင်ရာတွင် အဓိက အားစိုက်လုပ်ဆောင်ခြင်း ပြုကြရသော အများပြည်သူ ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့၏ အခန်းကဏ္ဍကို လုံးဝဖုံးကွယ်လျက် ဘုန်းသမ္ဘာနှင့် ရေမြေရှင်များ၊ ဆွေတော်မျိုးတော်များနှင့် အချစ်တော်၊ အကြည်တော်တစ်စု ကွက်ကွက်ကလေးကိုလောက်သာလျှင် ရှေ့တန်းထုတ်၍ အလွန်အကြူး ဂုဏ်ပြုထားသည်ကိုသာအများအပြားတွေ့ရှိရလေသည်။ထိုကဲ့သို့သောသမိုင်းဝင်စာပေများသည် သူ့ခေတ်နှင့် သူ့အခါက ပေါ်ပေါက်လာခဲ့ကြခြင်း ဖြစ်သည်။ သူ့ခေတ်နှင့် သူ့အခါ အလျောက် မည်သို့မျှ ဝေဖန်ပြောဆိုရန် မရှိသော်လည်း ယခုကဲ့သို့ ပြည်သူ့အာဏာသစ် ထွန်းလျက် လူထုအုပ်ချုပ်ရေးများ ထူထောင်နေကြပြီ ဖြစ်သော 'ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်' ခေတ်နှင့်ကား မဆီလျော်ပေ။ သမ္မတနိုင်ငံတော်၏ အုတ်မြစ်ချသော အခမ်းအနား၌ ရွှေနားတော်သွင်း ချေင်းကို ဆက်သွင်း ရွတ်ဆိုခြင်း ပြုနေပါက တလွဲတချော်စီ ဖြစ်ကုန်တော့မည် ဖြစ်သကဲ့သို့ ပြည်သူ့လွှတ်တော် ညီလာခံသဘင်နှင့် ဘုန်းတော်ဘွဲ့သည် ဝင်ရိုးစွန်း နှစ်စွန်း၏ ခြားနားခြင်းကဲ့သို့သာ ရှိနေချေတော့မည်။ ထို့ကြောင့် ဒုတိယအမျိုးအစား သမိုင်းဝင်စာပေများကိုလည်း အထက်တွင် ရည်ညွှန်းခဲ့သော ပထမအမျိုးအစား သမိုင်းဝင်စာပေများနည်းတူ ပြန်လည်သိမ်းဆည်း၍ သုတေသီများ၏ စာကြည့်တိုက်နှင့် အမျိုးသားယဉ်ကျေးမှု ပြတိုက်များသို့သာ ပို့ဆောင်ထားဖို့ သင့်လေပြီ။ သို့မဟုတ်ပါက အစရှာ၍ မရအောင် ပျောက်ပျက်သွားလိမ့်မည်ကို စိုးရိမ်ရသည်။

ဤသမိုင်းဝင်စာပေများအပြင် တိုင်းတစ်ပါးနှင့် လူမျိုးခြားတို့၏ အမြင်နှင့် ရှုထောင့်အထွေထွေမှ မှတ်တမ်းတင် ရေးသားခြင်း ပြုခဲ့ကြသော ခရီးသွားမှတ်တမ်း၊ နန်းတွင်းမှတ်တမ်း၊ သမိုင်းနှင့် ရာဇဝင် စသည်တို့သည်လည်း အများအပြားပင် ရှိသေးသည်။ ဤတတိယအမျိုးအစား သမိုင်းဝင်စာပေများကိုကား အထူးဝီရိယစိုက်၍ စိစစ်ကြည့်ရှုရန် လိုအပ်သည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြကုန်သော တရုတ်ပြည်၊ အိန္ဒိယပြည်၊ သီဟိုဠ်၊ ယိုးဒယားပြည်နှင့် လောပြည် (လင်ဇင်း) စသော နိုင်ငံများသည် သမိုင်း၏ ရှေးပဝေသဏီအချိန်မှစ၍ အဆက်အဆံများ ရှိခဲ့ကြသည်။ ထိုဆက်ဆံမှုများသမိုင်းတွင်သာယာပြေပြစ်ခြင်းနှင့်ပဋိပက္ခဖြစ်ပွားခြင်းများလည်း ရှိခဲ့ကြသည်သာ ဖြစ်လေသည်။ အထူးသဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံမှု

mgyoe.com

m g  SAMPLE BOOK 

သာယာပြေပြစ်ခြင်း မရှိဘဲ ပဋိပက္ခနှင့် စစ်မက်ဖြစ်ပွားကြစဉ် ကာလများက မှတ်တမ်းတင် ရေးသားခြင်း ပြုခဲ့ကြသော နန်းတွင်းမှတ်တမ်းများ၊ ရာဇဝင်များ၌ တစ်နိုင်ငံက အခြားတစ်နိုင်ငံ၏ အပေါ်သို့ တစ်ဖက်သတ် အပြစ်ဖို့ အဆိုးချ၍ မိမိကိုယ်ကိုယ်မူကား ကာကွယ်လျက် ဂုဏ်တင်ခြင်းများ ပြုလေ့ပြုထ ရှိသည်ကို ယေဘုယျအနေဖြင့် တွေ့ရှိနေရသည်။ မြန်မာနိုင်ငံ၏ ပြည်ပဆက်ဆံရေးသမိုင်းတွင် အိမ်နီးချင်းနိုင်ငံများနှင့် ဖြစ်ပွားခဲ့ရသော ပဋိပက္ခ အများအပြား ရှိသည့်အနက်၊ အထူးသဖြင့် တရုတ်ပြည်၊ ယိုးဒယားပြည်တို့နှင့် ဖြစ်ပွားခဲ့ရသော ပဋိပက္ခကား ပိုမိုများပြားလျက် ကြီးမားခြင်းလည်း ရှိလေသည်။ ယင်းသို့ဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့် ပတ်သက်၍ တရုတ်ကေရာဇ်ဘုရင်တို့၏ နန်းတွင်းမှတ်တမ်းများနှင့် ယိုးဒယား ရာဇဝင်များ၌ ၎င်းတို့အမြင်ဖြင့် မြန်မာနိုင်ငံအပေါ်၌သာ ဆိုးဆိုးဝါးဝါး အပြစ်ဖို့ ဖော်ပြထားခြင်း ပြုကြသကဲ့သို့ မြန်မာရာဇဝင်များ၌လည်း အလားတူပင် တစ်ဖက်သတ် ရေးသားခြင်း အမှုများကို အနည်းနှင့်အများ တွေ့ရှိရလေသည်။

ဤကဲ့သို့ အိမ်နီးချင်းနိုင်ငံများအချင်းချင်း ဆက်ဆံကြရာ၌ ဖြစ်ပွားပေါ်ပေါက်လာသော ပဋိပက္ခသဘောသည် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများလောက်၌သာ ရှိခဲ့ကြသည်ကား မဟုတ်ပေ။ ကမ္ဘာ့အနိုင်နိုင်ငံ၏ ပြည်ပဆက်ဆံရေး သမိုင်းများတွင် ပေါ်ပေါက်ခဲ့၊ ပေါ်ပေါက်ဆဲ ဖြစ်သော ယေဘုယျတရားမျှသာ ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားနိုင်ငံတစ်နိုင်ငံက အသိအမှတ်ပြုခြင်းနှင့် ရိုသေခံ့ညားခြင်း မရှိသရွေ့ ကာလပတ်လုံး ဤကဲ့သို့သော ပဋိပက္ခများသည် ရှိမြဲရှိနေကြလိမ့်ဦးမည်လည်း ဖြစ်သည်။

ထို့ကြောင့် သမိုင်းတစ်လျှောက်၌ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ ဆက်ဆံခဲ့ရာတွင် မိမိတို့တိုင်းပြည်နှင့် လူမျိုးများအသီးသီး၏ ရှုထောင့်မှ ရေးသားထားခဲ့သော နန်းတွင်းမှတ်တမ်းရာဇဝင်နှင့် သမိုင်း စသည်တို့ကို အကြွင်းမဲ့ လက်ခံယုံကြည်နေခြင်းငှာ မသင့်လျော်တော့ပေ။ ဟိုဘက်၊ သည်ဘက် နှစ်ဘက်မျှ၍ လေ့လာကြည့်ရှုရန်နှင့် ချင့်ချိန်ရန် လိုအပ်လျက် ရှိလေပြီ။

ဤကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပြည်ပဆက်ဆံရေး သမိုင်းဝင်စာပေများအပြင် ပင်လယ်ရပ်ခြားနိုင်ငံများမှ မြန်မာနိုင်ငံနှင့် ဆက်ဆံကြရာတွင် ၎င်းတို့၏ အမြင်နှင့် ရှုထောင့်အထွေထွေမှ မှတ်တမ်းတင် ရေးသားထားခဲ့ကြသော ခရီးသွား

mgpe.com

mgyoe.com

မှတ်တမ်း၊ အုပ်ချုပ်ရေးမှတ်တမ်းနှင့် မြန်မာနိုင်ငံသမိုင်း ဟူ၍ပင် အမည်ပေးထားခဲ့ကြသော စာအုပ်စာတမ်းများ အများအပြားပင် ရှိလေသည်။ အာရပ်သင်္ဘောသားနှင့် ကုန်သည်ကြီးများ၊ ပေါ်တူဂီပင်လယ်ဓားပြများနှင့် ကြေးစားစစ်သားများ၊ ဥရောပ အရှေ့အိန္ဒိယကုမ္ပဏီကြီးများ၊ အီတလီနှင့် ရုရှား ခရီးသွားကုန်သည်ကြီးများနှင့် ပြင်သစ်၊ ဗြိတိန် စသောနိုင်ငံများသည် မြန်မာနိုင်ငံနှင့် သမိုင်း၏ ပဝေသဏီအချိန်မှစ၍ အဆက်အဆံများ ရှိခဲ့ကြသည်။ ၎င်းတို့အနက် မြန်မာနိုင်ငံအား စစ်မက်တိုက်ခိုက်၍ နှစ်ပေါင်းတစ်ရာကျော်ကျော်မျှ ကျွန်ပြု ဆက်ဆံသွားခဲ့ကြသော ဗြိတိသျှကိုလိုနီသမားများ ရေးသားခဲ့ကြသည့် မှတ်တမ်းများနှင့် သမိုင်းအမည်ပေး စာပေများကိုကား အထူးသတိပြု စိစစ်ဖို့ လိုအပ်သည်။

မြန်မာနိုင်ငံအား ဗြိတိသျှတို့က ကျူးကျော်ကျွန်ပြုခဲ့ကြသော ကိုလိုနီသမိုင်းတစ်လျှောက်၌ ၎င်းတို့၏ ကျူးကျော်မှုများနှင့် ကျွန်ပြုခြင်းအမှုများသည် တရားမျှတ၍ မှန်ကန်သည့် အကြောင်းကို အမျိုးမျိုး အဖုံဖုံ ကာကွယ်ရေးသားထားခဲ့ကြသည်။ ထိုသို့ရေးသားထားသော သမိုင်းဝင်စာပေများကို မြန်မာ ပညာတတ်များက လက်ခံလာအောင်ကိုလည်း ၎င်းတို့၏ ကိုလိုနီဆိုင်ရာ စာသင်ကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင် ဇွတ်အတင်း သင်ကြားပို့ချခြင်းများအထိ ခပ်ပြောင်ပြောင် လုပ်ခဲ့ကြခြင်းကြောင့် ယခုခေတ် မြန်မာကျောင်းသား လူငယ်လူရွယ်များနှင့် ပညာတတ်များ၏ သမိုင်းရေးရာ တွေးခေါ်ဆင်ခြင်မှုတွင် ဗြိတိသျှကိုလိုနီသမားများ၏ ဩဇာအငော်များများ လွှမ်းမိုးလျက် ရှိလေသည်။ ထို့ကြောင့် ဗြိတိသျှ ကိုလိုနီသမားများ၏ သမိုင်းဝင် စာပေများကို ယခုကဲ့သို့ လွတ်လပ်သော ပြည်ထောင်စုခေတ်တွင် စာသင်ကျောင်းများ၊ တက္ကသိုလ်များနှင့် လူထုစာကြည့်တိုက်များ၌ ဘေးမဲ့လွှတ်ပေးရန် မသင့်လျော်တော့ပေ။ အထက်တွင် ဖော်ပြခဲ့သော ပထမနှင့် ဒုတိယအမျိုးအစား သမိုင်းဝင်စာပေများ၏ သွားရာလမ်းသို့ ပို့ဆောင်သင့်ပြီဟု ထင်သည်။

ဤကဲ့သို့လျှင် အခြေခံအားဖြင့် သုံးမျိုးသုံးစားမျှ လေ့လာတွေ့ရှိထားရသော မြန်မာနိုင်ငံ သမိုင်းဝင်စာပေများအပြင် အခြေခံအားဖြင့် ဘာမျှ ထူးခြားသစ်လွင်လာခြင်း မရှိဘဲ နောက်ထပ်၍ အမျိုးမျိုးအဖုံဖုံ ရေးသား ထုတ်ဝေနေကြသော သမိုင်းနှင့် ရာဇဝင်အမည်ပေး စာအုပ်စာတမ်းများ အများအပြားကို ပလူပျံသကဲ့သို့ မျက်စိနောက်ဖွယ်ရာ၊ စိုးရိမ်ဖွယ်ရာ တွေ့မြင်နေရသည်။ သမိုင်းဟူ၍

mgyoe.com

mgyoe.com SAMPLE BOOK

လည်းကောင်း၊ ရာဇဝင်ဟူ၍ လည်းကောင်း အမည်ပေးကာ ရေးသားထုတ်ဝေနေကြသော အထက်ပါစာအုပ်၊ စာတမ်းများကို သည်းခံ၍ စိစစ်လေ့လာကြည့်သော အခါ၌လည်း ထိုစာအုပ်စာတမ်းများသည် များသောအားဖြင့်–

(၁) ပဒေသရာဇ်ခေတ် ရာဇဝင်များနှင့် အရေးတော်ပုံများကို အကျဉ်းချုံး၍ ဖြစ်စေ၊

(၂) ဗြိတိသျှ ကိုလိုနီဆိုင်ရာ သမိုင်းပညာရှင်များ၏ သမိုင်းဟောင်းများကို အကျဉ်းချုံး၍ ဖြစ်စေ၊ သို့မဟုတ် ပြန်လည်ပြုပြင် ရေးသား၍ဖြစ်စေ ပုံနှိပ်ထုတ်ဝေနေကြခြင်း ဖြစ်သည်ကိုသာ အများအားဖြင့် တွေ့ရှိရလေသည်။

သို့ရာတွင် စိုးရိမ်ဖွယ်ရာအကောင်းဆုံး ပြဿနာမှာ ထိုသမိုင်းနှင့် ရာဇဝင်အမည်ပေး စာအုပ်၊ စာတမ်းများကို ကျောင်းသားလူငယ်များ လေ့လာဖတ်ရှုရန်နှင့် သင်ကြားကျက်မှတ်ရန်အတွက် ရိုက်နှိပ်ထုတ်ဝေနေကြခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဤကဲ့သို့ ပရမ်းပတာ လုပ်နေ၊ ဖြစ်နေသော အမှုအခင်းကြီးတစ်ရပ်ကို ပေါ့ပေါ့တန်တန် ကြည့်မနေသင့်ဘဲ မြော်မြော်မြင်မြင်နှင့် လေးလေးနက်နက် စဉ်းစား အရေးယူသင့်လှပေပြီ။

'မိမိနိုင်ငံ၏ သမိုင်းကို ဖတ်ရှုလေ့လာရစကောင်းမှန်း မသိသော လူမျိုးသည် အတိတ်က မိမိကျူးလွန်ခဲ့ပြီးသော အမှားအယွင်းများကို ထပ်မံကျူးလွန်ခြင်း ပြုရန်အတွက် ကြမ္မာငင်လျက် ရှိလိမ့်မည်' ဟူ၍ ဂျော့စန္တာယနာက ရည်ညွှန်းခဲ့သော်လည်း ယခုပုံအတိုင်းဆိုလျှင် ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ မိမိနိုင်ငံ၏ သမိုင်းကို အမျိုးမျိုးအဖုံဖုံနှင့် အလွဲလွဲအချော်ချော် လေ့လာဖတ်ရှုခြင်း ပြုနေကြရသော လူမျိုးအတွက် အဘယ်သို့ ဆိုဖွယ်ရာ ရှိတော့မည်နည်း ဟူ၍ ရင်သပ်ညည်းတွားရမည်ကဲ့သို့ ရှိနေလေပြီ။ ထို့ကြောင့် ခေတ်မီတိုးတက်လျက် စိတ်ကျေနပ်ဖွယ်ရာ သမိုင်းတစ်စောင် တစ်ကျမ်းမျှ မတွေ့မမြင်မိသေး ဟူ၍ နိဒါန်းချီလိုက်ရခြင်း ဖြစ်လေသည်။

သမိုင်းတစ်စောင်ကား အရေးတကြီး လိုအပ်လျက် ရှိချေပြီ။

၀

mgyoe.com

mgyoe.com SAMPLE BOOK

# သမိုင်းဆိုသည်ကား အဘယ်နည်း

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းဟူသည်ကား အဘယ်နည်း။

နိုင်ငံတစ်နိုင်ငံ ဟူ၍ လူတို့က ကာလ၊ ဒေသနှင့် ပယောဂအလျောက် သတ်မှတ် ပိုင်းခြားထားရှိသော ပထဝီဒေသတစ်ခုနှင့် ထိုဒေသအတွင်း၌ အတည်တကျ စုဝေးနေထိုင်လျက် ရှိကြသော လူ့အဖွဲ့အစည်းတစ်ရပ်တို့၏ ဆက်ဆံရေးနှင့် ယင်းဆက်ဆံရေးအပေါ်တွင် အခြေခံ၍ ထိုဒေသနှင့် ထိုလူမျိုး အဖွဲ့အစည်းတို့၏ ဘဝအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်လာမှုနှင့် ပြောင်းလဲမှုများသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းပင် ဖြစ်လေသည်။

ပထဝီဒေသတစ်ခုနှင့် လူ့အဖွဲ့အစည်းတစ်ရပ်တို့၏ ဆက်ဆံရေး ဆိုသည်ကား အဘယ်နည်း။

လူ့အဖွဲ့အစည်းတစ်ရပ်၏ ရပ်တည်နေနိုင်မှုအတွက် စား၊ ဝတ်၊ နေမှုတို့သည် မရှိမဖြစ်သော ပြဿနာကြီးများ ဖြစ်သည်။ ထိုပြဿနာကို ပြေလည်ရာ ပြေလည်ကြောင်းအတွက် လူတို့သည် မည်ကဲ့သို့ ဖြေရှင်းခြင်း ပြုကြသနည်း။ လူတို့၏ အသက်ရှင်ရေးအတွက် မရှိမဖြစ်သော စား၊ ဝတ်၊ နေမှု ပစ္စည်းများသည် မိုးမြင့်ဘုံမှ အလိုအလျောက် ကျလာသည်ကား မဟုတ်ချေ။ ထို့ကြောင့် မိမိတို့ နေထိုင်လျက် ရှိကြသော ပထဝီဒေသ၊ သဘာဝပတ်ဝန်းကျင်၌သာ ထိုပြဿနာ

mgyoe.com

mgyoe.com SAMPLE BOOK

များ ပြေလည်ရာ ပြေလည်ကြောင်းအတွက် လူတို့သည် ဖြေရှင်းခြင်း ပြုကြရသည်။ ဤသို့ ဖြေရှင်းရခြင်း အမှုသည်ပင် ပထဝီဒေသတစ်ခုနှင့် လူ့အဖွဲ့အစည်း တစ်ရပ်တို့၏ ဆက်ဆံရေးပင် ဖြစ်လေသည်။ ထိုဆက်ဆံရေးနှင့် ကင်း၍ မည်သည့် လူ့အဖွဲ့အစည်းမျှ ပထဝီဒေသတစ်ခုအတွင်း၌ ရပ်တည်နေနိုင်ခြင်း မရှိပေ။ ထို့ကြောင့် ဤဆက်ဆံရေးကို သမိုင်းဝင်ဆက်ဆံရေး ဟူ၍ ခေါ်ဝေါ်ကြသည်။

သို့ရာတွင် သဘာဝပတ်ဝန်းကျင်သည် အဝိဉာဏကမျှသာ ဖြစ်လေသည်။

ထို့ကြောင့် လူတို့၏ ဆန္ဒ၊ စေတနာနှင့် အကျပ်အတည်း စသည်တို့ကို အလျှင်းသိရှိလိမ့်မည် မဟုတ်သကဲ့သို့ ပမာဏ ပြုလိမ့်မည်လည်း မဟုတ်ချေ။ ၎င်း၏သဘာဝ ဓမ္မတရားသဘောအတိုင်းသာလျှင်ဖြစ်ပေါ်တိုးတက်နေလိမ့်မည် ဖြစ်သည်။ ၎င်း၏ ပတ်ဝန်းကျင်သို့ တိုးဝင်စုဝေးလာကြသော လူသားကို ဥပေက္ခာသဘောနှင့်သာ ရင်ဆိုင်ခြင်း၊ ဆက်ဆံခြင်း ပြုလိမ့်မည် ဖြစ်သည်။ လူတို့က ခယဝပ်တွားခြင်းနှင့် တောင်းပန်တိုးလျှိုးခြင်း ပြုကြသောအမှုတို့ကို အလျှင်းပင် နားလည်ခြင်း ရှိလိမ့်မည် မဟုတ်သကဲ့သို့ ၎င်းအား ခြိမ်းခြောက်ကျိန်တွယ်ခြင်း ပြုကြသော အမှုများကိုလည်း ကြားနာခြင်း ရှိလိမ့်မည် မဟုတ်ချေ။ သို့ရာတွင် ၎င်းဖြစ်ပေါ် တိုးတက်မှုလမ်းကြောင်းနှင့် ထိုလမ်းကြောင်း၏ သဘာဝဓမ္မတရားသဘောကို သိမြင်နားလည်၍ ၎င်းအား ယဉ်ကျေးသိမ်မွေ့စေတတ်သော တန်ခိုးရှင်၏ ရှေ့မှောက်တွင်မူကား သဘာဝပတ်ဝန်းကျင်သည် နာခံကျိုးနွံတတ်သော သဘော ရှိသည်။ ယင်းသဘောရှိသော သဘာဝပတ်ဝန်းကျင်နှင့် ဆက်ဆံရင်း လူတို့သည် မိမိတို့အတွက် မရှိမဖြစ်သော စား၊ ဝတ်၊ နေမှု ပြဿနာများကို ဖြေရှင်းခြင်း ပြုကြရလေသည်။

ထိုအမှုသည် သက်သာလွယ်ကူသော အမှုကား မဟုတ်ချေ။ သေးငယ်သော ကိစ္စလည်း မဟုတ်ချေ။ ဥပေက္ခာပြုနိုင်ရုံမျှသာလျှင် မဟုတ်သေးဘဲ ရုံဖန်ရံခါ ရန်လိုတတ်သော သဘောလည်း ရှိသော သဘာဝပတ်ဝန်းကျင်၌ လူတို့သည် မိမိတို့၏ လုပ်အားစွမ်းပကားဖြင့် စား၊ ဝတ်၊ နေရေးအတွက် စွန့်စွန့်စားစားနှင့် ပင်ပန်းကျပ်တည်းစွာ ရှာကြံလုပ်ဆောင်ခြင်းအမှုကို ပြုကြရသည်။ စင်စစ် ထိုအမှုသည် 'သေရေး၊ ရှင်ရေး' စစ်ပွဲကြီးတစ်ပွဲကို မနားမနေ ခုခံတိုက်ခိုက်ခြင်း ပြုနေရသကဲ့သို့သာ ရှိချေသည်။ ယင်းသို့မှ မပြုနိုင်အားလျှင် လူ့အဖွဲ့အစည်း တစ်ရပ်သည် သဘာဝပတ်ဝန်းကျင်၏ ဖျက်သိမ်းခြင်းသော်လည်း ခံရပေမည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့မဟုတ် ယင်းပထဝီဒေသမှ အခြားအရပ်တစ်ပါးသို့ ပြောင်းရွှေ့ထွက်ပြေးခြင်း သော်လည်း ပြုရလိမ့်မည်။ ဤသဘောကို ရည်ညွှန်း၍ သဘာဝဓမ္မပညာရှင်ကြီး တစ်ဦးဖြစ်သူ ချားလ်စ်ဒါဝင်က 'စွမ်းပကား ထုတ်နိုင်သူသာ တည်တံ့လိမ့်မည်' ဟူ၍ ဆိုခဲ့ခြင်းလည်း ဖြစ်လိမ့်မည်။

အထက်ဖော်ပြပါ ဖြစ်ရပ်များသည် မြန်မာနိုင်ငံသမိုင်း၌လည်း ဖြစ်ပေါ် တွေ့ကြုံခဲ့ရဖူးဟန် ရှိလေသည်။ မြန်မာနိုင်ငံ၏ ရှေးအကျဆုံး လူ့အဖွဲ့အစည်းများ အနက် နီဂရစ်တိုနှင့် အင်ဒိုနီးရှင်းအနွယ်ဝင် ရှေးလူဟောင်းများသည် လွန်ခဲ့သော အနှစ် ၂၀၀၀ သာသာခန့်က မြန်မာနိုင်ငံမှ အခြားတစ်ပါးသို့ စွန့်ခွာပြောင်းရွှေ့ သွားခဲ့ကြပြီးလျှင် တိဗက်–ဗမာ အနွယ်ဦးများ ဖြစ်လိမ့်မည်ဟု ယူဆထားကြ သော ပြူ ကမ်းယံနှင့် သက်လူမျိုးစုများအနက်တွင်လည်း ပြူနှင့် ကမ်းယံတို့ သည် လွန်ခဲ့သော အနှစ် ၁၀၀၀ ခန့်လောက်ကပင် လုံးဝတိမ်ကော၍ ပျောက် ကွယ်သွားခဲ့ကြလေပြီ။ သက်လူမျိုးစုများသည်လည်း ယခုခေတ်တွင် တိမ်ကော ပျောက်ပျက်လုနီးနီး အခြေသို့ ဆိုက်ရောက်လျက် ရှိသည်။ သို့ရာတွင် ယင်း တိဗက်–ဗမာ အနွယ်ဦးများနှင့် မရှေးမနှောင်းပင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက် လာခဲ့ကြဟန် ရှိသော 'ထိုင်း' အနွယ်ဦး ကရင်လူမျိုးများသည် ၎င်းတို့၏ သဘာဝ ပတ်ဝန်းကျင်အား ရာစုနှစ်ပေါင်းများစွာ ခုခံတိုက်ခိုက်ယှာခဲ့ကြပြီးနောက် ယခု ခေတ်တွင် လူမျိုးစုကြီးတစ်စုအဖြစ် ကြံ့ခိုင်တည်တံ့လျက် ရှိသည်။

ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သော နီဂရစ်တို၊ အင်ဒိုနီးရှင်းနှင့် တိဗက်–ဗမာ အနွယ်ဦး လူမျိုးစုတို့၏ ကြမ္မာမျိုးမှ ကင်းဝေးအေးချမ်းစေနိုင်ရန် အတွက် လူ့အဖွဲ့အစည်းတစ်ရပ်သည် မိမိ၏ သဘာဝပတ်ဝန်းကျင်နှင့် ဆက်ဆံ ရင်း မိမိတို့အတွက် မရှိမဖြစ်သော စား၊ ဝတ်၊ နေမှု ပြဿနာအရပ်ရပ်များကို ဖြေရှင်းခြင်း ပြုကြရသည်။ ဤကား လူ့အဖွဲ့အစည်းတစ်ရပ်နှင့် ပထဝီဒေသတစ်ခု တို့၏ ဆက်ဆံရေးပင် ဖြစ်ချေသည်။

သို့ရာတွင် လူသားနှင့် သဘာဝတို့၏ ယင်းဆက်ဆံရေးကို အခြေခံ၍ ထိုပထဝီဒေသနှင့် လူ့အဖွဲ့အစည်းတို့၏ ဘဝသည် မည်ကဲ့သို့ အဆင့်ဆင့် ဖြစ်ပေါ် တိုးတက်ခဲ့ကြသနည်း။ မည်ကဲ့သို့ ပြောင်းလဲခဲ့ကြသနည်း။

ပထဝီဒေသတစ်ခု၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုတို့ကို ရှေးဦး စွာ ကြည့်ရှုလေ့လာကြစို့။

mgyoe.com

mgyoe.com SAMPLE BOOK


နိုင်ငံတစ်နိုင်ငံ ဟူ၍ လူတို့က ပိုင်းခြားထားကြသော ပထဝီဒေသတစ်ခု၏ ဘာဝအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှု၊ ပြောင်းလဲမှုများနှင့် ပတ်သက်၍ အကြောင်းနှစ်ကြောင်း ရှိတတ်သည်။ ၎င်းတို့မှာ သဘာဝဓမ္မတရား သဘောအရ ဖြစ်ပေါ်မှုနှင့် လူတို့၏ ပွဲပြင်သော ပြောင်းလဲမှုများ ဖြစ်ကြသည်။ ပထဝီဒေသ တစ်ခု၏ သဘာဝဓမ္မတရားသဘောအလျောက် ဖြစ်ပေါ်ပြောင်းလဲမှုများကို သမိုင်းဘာသာရပ်တွင် သီးခြားထည့်သွင်း စဉ်းစားခြင်း မပြုတတ်ကြဘဲ သက်ဆိုင်ရာ ဘူမိဗေဒပညာ၌သာ ထည့်သွင်းခြင်း ပြုလေ့ရှိကြသည်။ သို့ရာတွင် လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖြစ်ပေါ်တိုးတက်မှုနှင့်လည်း ဆက်စပ်အကျုံးဝင်နေပြန်သောကြောင့် အဓိကသဘောနှင့် မဟုတ်သည့်တိုင်အောင် ယေဘုယျသဘော အနေနှင့် ထည့်သွင်းစဉ်းစားခြင်း ပြုကြရလေသည်။

မြန်မာနိုင်ငံ၏ သဘာဝသမိုင်းတစ်လျှောက်၌ သဘာဝဓမ္မတရား သဘောအရ ကြီးမားသော ဖြစ်ပေါ်ပြောင်းလဲမှုများ ရှိခဲ့ဖူးသည်။ ထင်ရှား၍ များစွာ အရေးကြီးသည်ဟု သက်ဆိုင်ရာ ဘူမိဗေဒပညာရှင်များ ယူဆထားကြသော အဖြစ်အပျက်ကြီးနှစ်ရပ်ကို ကိုးကားဖော်ပြခြင်း ပြုလိုသည်။ အဖြစ်အပျက်နှစ်ရပ် ဟူ၍သာ ခွဲခြားသတ်မှတ်ကြသော်လည်း တစ်ခုနှင့်တစ်ခုသည် ခွဲခွာ၍ မဖြစ်နိုင်အောင် မှီခိုဆက်စပ်နေကြသည်။ ၎င်းတို့မှာ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲခြင်းနှင့် ယခုခေတ်တွင် ဧရာဝတီတိုင်း ဟူ၍ သတ်မှတ်ခေါ်ဝေါ်လျက် ရှိကြသော မြစ်ဝကျွန်းပေါ်ဒေသကြီး ဖြစ်ပေါ်လာခြင်းတို့ပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ သဘာဝပထဝီ ပညာရှင်ကြီးတစ်ဦးဖြစ်သူ ဒပ်ဒလီစတမ့်မ်က မန္တလေးအထက်ပိုင်း ဧရာဝတီမြစ်ညာသည် မူလက ယခု စစ်တောင်းမြစ်နှင့် တစ်ဆက်တည်းဖြစ်၍ ချင်းတွင်းမြစ်သည် ယခုကဲ့သို့ ဧရာဝတီမြစ်နှင့် ပေါင်းဆုံခြင်း မရှိသေးဘဲ ၎င်းဘာသာ သီးခြား ပင်လယ်သို့ စီးဆင်းသည်ဟု အယူရှိသည်။ ထိုအချိန်က မြစ်ဝကျွန်းပေါ်ဒေသသည် ဖြစ်ပေါ်ခြင်း မရှိသေးဘဲ ပင်လယ်တိမ်သည် ယခု ပြည်မြို့ အနီးအနား တစ်ဝိုက်သို့ တက်ရောက်နေခဲ့ဖူးသည် ဟူ၍လည်း ခန့်မှန်းသည်။ မြန်မာနိုင်ငံ၏ သဘာဝ ပထဝီအနေအထားသည် မူလက ထိုကဲ့သို့ ရှိနေခဲ့ရာမှ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် ပုပ္ပါးမီးတောင် လှုပ်ရှားပေါ်ပေါက်လာမှုနှင့် မြေအလွှာ လှုပ်ရှားပြောင်းလဲမှုများကြောင့် ဧရာဝတီမြစ်သည် ၎င်း၏ မူလရေစီးကြောင်း ပြောင်းလဲသွားပြီးလျှင် စစ်တောင်းမြစ်နှင့်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

ရေစီးပြတ်ကာ ချင်းတွင်းမြစ်နှင့် ယခုကဲ့သို့ ပေါင်းဆုံသွားခြင်း ဖြစ်သည်ဟု အဆိုရှိသည်။ ဤကဲ့သို့ ဧရာဝတီမြစ်ညာနှင့် ချင်းတွင်းမြစ်တို့ ပေါင်းဆုံမိခဲ့ကြပြီးနောက် ၎င်းမြစ်ကြောင်း နှစ်ကြောင်းမှ ပါလာကြသော မြေနုများသည် အနှစ်တစ်ရာလျှင် မြေသား သုံးမိုင်ခန့် ဖြစ်ပေါ်စေ၍ နှစ်ရာစုများစွာ ကြာညောင်းလာသောအခါ ပြည်မြို့ အောက်ပိုင်းရှိ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသကြီးသည် တဖြည်းဖြည်း ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု တွက်ချက်ယူဆလေသည်။

ဤကား ပထဝီဒေသတစ်ခု၏ သဘာဝဓမ္မတရားသဘောအရ ဖြစ်ပေါ်ပြောင်းလဲမှု ဖြစ်လေသည်။ ဤကဲ့သို့ ဖြစ်ပေါ်ပြောင်းလဲမှုများသည် ဘူမိဗေဒပညာရပ်၌သာလျှင် အကျုံးဝင်၍ သမိုင်းဘာသာရပ်နှင့်ကား ဆက်စပ်မှု သဘောလောက်သာ ရှိသည်။ ထို့ကြောင့် သမိုင်းဘာသာရပ်နှင့်သာ အကျုံးဝင်ခြင်း ရှိသောလူသားနှင့် သဘာဝတို့ ဆက်ဆံရေးမှ ဖြစ်ပေါ်လာသော ပြောင်းလဲမှုများကို လေ့လာရန် လိုအပ်ပေသည်။

လူတို့သည် မိမိတို့အတွက် မရှိမဖြစ်သော စား၊ ဝတ်၊ နေမှု ပစ္စည်းများကို ရှာကြံလုပ်ဆောင်ကြရင်း ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်မှ တောရိုင်းမြက်မည်းကြီးကို ခုတ်ထွင်ဖယ်ရှား၍ လယ်၊ ယာ၊ ဆည်မြောင်းများ၊ ရေတွင်း၊ ရေကန်များနှင့် မြို့ပြ၊ ပြည်ရွာများကို တည်ထောင်ခဲ့ကြသည်။ မြင့်မောက်ထူထပ်သောတောင်တန်းကြီးများကိုလည်း ဖြိုဖျက်လျက် စက်ရုံ၊ အလုပ်ရုံများ၊ လူနေအိမ်ခြေများဖြင့် သာယာစည်ပင်စေခဲ့ကြသည်။ ရေလျှံ၍ မကြာခဏ ဒုက္ခပြုတတ်သောမြစ်မကြီးများကို တာတမံတုတ်ကာ ယဉ်ကျေးသိမ်မွေ့စေပြီးလျှင် ရေပိုရေလျှံများကို ခြောက်သွေ့မှတ်သိပ်သော ကန္တာရများအတွင်းသို့ သွယ်တန်း၍ စိမ်းလန်းစိုပြည်စေခဲ့ကြသည်။ ရေသွယ်ယူငင်ရန် ခက်ခဲသော ကန္တာရများ၌ သစ်ပင်များစိုက်ပျိုးထူထောင်ကာ မိုးကို ရွာသွန်းစေခဲ့ကြသည်။ ဤကဲ့သို့လျှင် မိမိတို့ နေထိုင်လျက်ရှိသော ပထဝီဒေသတစ်ခုကို အမျိုးမျိုးအဖုံဖုံ ပြောင်းလဲစေခဲ့ကြသည်။ မြန်မာနိုင်ငံသမိုင်း၌လည်း လူတို့က ဤကဲ့သို့ ပုံပြင်ခဲ့ကြသော ပြောင်းလဲမှုများအများအပြားပင် ရှိသည်။ မိုးခေါင်ရေရှား၍ ကန္တာရတစ်ပိုင်း သာသာမျှသာ ဖြစ်သော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတစ်ဝိုက်တွင် ရှေးလူများသည် ရေတွင်း၊ ရေကန်များ၊ ဆည်မြောင်းများ ဖောက်လုပ်တူးဖော်၍ လယ်၊ ယာ၊ ကိုင်း၊ ကျွန်းများ၊ မြို့ပြ၊ ပြည်ရွာများ တည်ထောင်ခဲ့ကြသည်မှာ အထင်အရှား ဖြစ်သည်။ ဤကား

mgyoe.com

SAMPLE BOOK

ပထဝီဒေသတစ်ခုနှင့် လူ့အဖွဲ့အစည်း တစ်ရပ်တို့၏ ဆက်ဆံရေးကို အခြေခံလျက် နိုင်ငံတစ်နိုင်ငံ ဟူ၍ လူတို့က ပိုင်းခြား သတ်မှတ်ထားကြသော ပထဝီဒေသ တစ်ခု၏ ဘဝအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုများပင် ဖြစ်သည်။

သို့ရာတွင် လူ့အဖွဲ့အစည်းတစ်ရပ်၏ ဘဝသည် မည်ကဲ့သို့ အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်ခြင်း ရှိသနည်း၊ မည်ကဲ့သို့ ပြောင်းလဲခြင်း ရှိသနည်း၊ ဤအချက်ကို လေ့လာကြည့်ရှုကြစို့။

လူ့အဖွဲ့အစည်းတစ်ရပ်၏ ဘဝအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုများကို လူသားနှင့် သဘာဝတို့၏ ဆက်ဆံရေးဖြစ်သော စား၊ ဝတ်၊ နေမှုနှင့် ပစ္စည်းများအတွက် ရှာကြံလုပ်ဆောင်ကြသော လုပ်ငန်း၊ သို့မဟုတ် အားထုတ်မှုအပေါ်တွင် အရင်းခံအားဖြင့် တွေ့ရှိရသည်။ သဘာဝက ဝင်ရောက် ဖြည့်တင်း စွက်ဖက်သော အခန်းမှာ သာမညမျှသာ ဖြစ်သည်။ များစွာ အရေးပါ အရာရောက် ခြင်းလည်း မရှိလှပေ။ ထိုသို့ ဆိုလိုက်သည့်အတွက် လူ့သမိုင်း၏ဖြစ်ပေါ်တိုးတက်မှုတွင် သဘာဝ၏ အခန်းကို ထည့်သွင်းစဉ်းစားခြင်းပြုရန် မလိုတော့ ဟူ၍ ရည်ညွှန်းနေခြင်းကား မဟုတ်ချေ။ လူ့အဖွဲ့အစည်းတစ်ရပ်၏ ဘဝဖြစ်ပေါ် တိုးတက်မှုတွင် သဘာဝ၏ စွက်ဖက်မှုသည် ရံဖန်ရံခါ ကြီးစွာသော အဟန့်အတားဖြစ်တတ်သည် ကိုလည်း တွေ့ရှိရသည်။

ဆယ့်ငါးရာစုလောက်က ကိုလံဘတ်စ်သည် ကမ္ဘာသစ်ကို တွေ့ရှိသော အခါတွင် ကမ္ဘာသစ်ရှိ အိန္ဒိယလူနီများသည် ဥရောပနှင့် အာရှတိုက်များထက် များစွာ ခေတ်နောက်ကျ ကျန်ရစ်လျက် အလွန်ရှေးကျသော လူ့အဖွဲ့အစည်းအဆင့် ၌သာ ရှိနေသေးသော လုပ်ငန်းနှင့် တိရစ္ဆာန် မွေးမြူသော လုပ်ငန်းများကိုပင် ပြုလုပ်တတ်ခြင်းနှင့် ပြုလုပ်ခြင်းများ မရှိသေးချေ။ ထိုသို့ဖြစ်ရခြင်းမှာ အဘယ့်ကြောင့်နည်း။

သမိုင်းပညာရှင်ကြီးတစ်ဦးဖြစ်သူ လူးဝစ်စ်မော်ဂန်က အိန္ဒိယလူနီများ သည် သဘာဝ၏ စွက်ဖက်ဟန့်တားမှုများကို ခံရသောကြောင့် ဖြစ်သည်ဟု လေ့လာ တင်ပြသည်။ ၎င်း၏ လေ့လာတင်ပြချက်အရ ကိုလံဘတ်စ် ကမ္ဘာသစ်ကို တွေ့ရှိ သောအချိန်အထိထိုဒေသ၌ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းပေါ်ပေါက်နိုင်ရန်အတွက် ပြောင်းတစ်မျိုးမှ လွဲ၍ ဂျုံ၊ စပါးနှင့် မုယော စသော သီးနှံမျိုးစေ့များ လုံးဝမရှိဟု ဆိုသည်။ တိရစ္ဆာန် မွေးမြူသောလုပ်ငန်း ပေါ်ပေါက်လာနိုင်ရန် အတွက်လည်း

m gyoe.com

mgyoe.com  SAMPLE BOOK 

ထိုကမ္ဘာသစ်၌ လားမား ဆိုသော တိရစ္ဆာန်တစ်မျိုးက လွဲ၍ မြင်း၊ နွား၊ ဆိတ်၊ သိုးနှင့် ဝက် စသော တိရစ္ဆာန်များ လုံးဝမရှိဟုလည်း ဆိုသည်။

ဤကား လူ့အဖွဲ့အစည်းတစ်ရပ်၏ ဘဝဖြစ်ပေါ်တိုးတက်မှုတွင် သဘာဝက ဝင်ရောက်စွက်ဖက်ခြင်းနှင့် ဟန့်တားခြင်း ပြုခဲ့သော ဖြစ်ရပ်တစ်ခု ဖြစ်သည်။ သို့ရာတွင် ထိုကဲ့သို့သော စွက်ဖက်ဟန့်တားမှုများသည် ယာယီမျှသာ ပြုနိုင်သော ကိစ္စ ဖြစ်သည်။ လူတို့သည် ထိုအဟန့်အတားများကို လွယ်လင့်တကူ ကျော်လွှား ဖယ်ရှား၍ ၎င်းတို့၏ ဖြစ်ပေါ်တိုးတက်ရာ လမ်းကြောင်းအတိုင်း ချီတက်သွားကြသည်သာ ဖြစ်သည်။ ယနေ့ ကမ္ဘာသစ်ကို လှမ်း၍ ကြည့်လိုက်လျှင် ဤအချက် မှန်ကန်ကြောင်း သက်သေခံနေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်၏ ဘဝအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုများကို ၎င်းတို့၏ စား၊ ဝတ်၊ နေမှုပြဿနာအတွက် ဖြေရှင်းသော လုပ်ငန်း၌သာ အခြေခံအားဖြင့် လေ့လာရှာဖွေခြင်းအမှုကို ပြုရပေသည်။

ဤကဲ့သို့ လူ့အဖွဲ့အစည်းတစ်ရပ်၏ စား၊ ဝတ်၊ နေမှုအတွက် ရှာကြံလုပ်ဆောင်ခြင်း ပြုရသော အလုပ်ကို နိုင်ငံရေး ဘောဂဗေဒနှင့် သမိုင်း ဝိဇ္ဇာပညာရှင်များ၏ ဝေါဟာရအားဖြင့် 'ကုန်ထုတ်လုပ်ငန်း' ဟူ၍ ခေါ်ဝေါ်ခြင်း ပြုသည်။ ယင်းကုန်ထုတ်လုပ်ငန်းကို မှီခို၍သာလျှင် လူ့အဖွဲ့အစည်းတစ်ရပ်သည် အသက်ရှင် တည်တံ့နိုင်သည် ဖြစ်ရကား ကုန်ထုတ်လုပ်ငန်း တိုးတက်သည်နှင့်အမျှ လူ့အဖွဲ့အစည်းတစ်ရပ်သည် တိုးတက်နေမည် ဖြစ်သည်။ ထို့အတူ ကုန်ထုတ်လုပ်ငန်း တန့်ဆိုင်းနေသည်နှင့်အမျှ လူ့အဖွဲ့အစည်း၏ တိုးတက်မှုသည်လည်း တန့်ဆိုင်းနေမည် ဖြစ်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်၏ သမိုင်းကို ဝိဇ္ဇာနည်းကျကျ စူးစမ်းလေ့လာခြင်း ပြုရပေသည်။

ကုန်ထုတ်လုပ်ငန်းတစ်ခုကို စူးစမ်းလေ့လာသောအခါ အခြေခံအပိုင်းကြီး နှစ်ပိုင်းကို တွေ့ရှိရသည်။ ၎င်းတို့မှာ–

(၁) ကုန်ထုတ်စွမ်းအားစုအပိုင်းနှင့်

(၂) ကုန်လုပ်ဆက်ဆံရေးအပိုင်းတို့ ဖြစ်ကြသည်။

ဤကဲ့သို့ အပိုင်းနှစ်ပိုင်း ရှိသည့် အနက်တွင် ကုန်ထုတ်စွမ်းအားစုအပိုင်းသည် အဓိကအပိုင်းဖြစ်၍ ကုန်လုပ်ဆက်ဆံရေးအပိုင်းသည် လက်အောက်ခံအပိုင်း ဖြစ်သည်။ သို့ရာတွင် လက်အောက်ခံဖြစ်သော ကုန်လုပ်ဆက်ဆံရေး အပိုင်းသည်

mgyoe.com

mgyoe.com
SAMPLE BOOK


အဓိကဖြစ်သော ကုန်ထုတ်စွမ်းအားစု အပိုင်းကို ပြန်လည်ပဲ့ပြင်တတ်သော တန်ခိုးသတ္တိလည်း ရှိသည်။

ကုန်ထုတ်စွမ်းအားစုများကား အဘယ်နည်း။

မိမိတို့အတွက် စား၊ ဝတ်၊ နေမှု ကုန်ပစ္စည်းများကို ရှာကြံထုတ်လုပ်ရာ၌ လိုအပ်သော ကုန်ကြမ်းများကို ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်၌ လူတို့သည် ထုတ်ယူရရှိနိုင်သည်။ သို့ရာတွင် ယင်းကုန်ကြမ်းများကို ထုတ်ယူရာ၌လည်းကောင်း၊ ကုန်ချောများ ဖြစ်လာသည်အထိ လုပ်ဆောင်ခြင်း ပြုရာ၌ လည်းကောင်း လူတို့၏လုပ်အားစွမ်းပကားအပြင် ကုန်လုပ်ကိရိယာတန်ဆာပလာများ၊ ကုန်လုပ်အတွေ့အကြုံနှင့် ကုန်လုပ်ကျွမ်းကျင်မှု စသည်တို့သည် လိုအပ်လာသည်။ မရှိလျှင် မဖြစ်သော လိုအပ်ချက်များလည်း ဖြစ်သည်။ ယင်း ကုန်လုပ်ကိရိယာ တန်ဆာပလာများ၊ ကုန်လုပ်အတွေ့အကြုံနှင့် ကျွမ်းကျင်မှု စသည်တို့သည် ကုန်ထုတ်စွမ်းအားစုများပင် ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ရပ်သည် ယင်းကုန်ထုတ်စွမ်းအားစုများဖြင့်သာလျှင် ကုန်ထုတ်လုပ်ငန်းတစ်ခုကို ထူထောင်ခြင်း ပြု၍ ဖြစ်နိုင်သည်။ သဘာဝပတ်ဝန်းကျင်တွင် ယင်းကုန်ထုတ်စွမ်းအားစုများဖြင့်သာလျှင် မိမိတို့အတွက် မရှိမဖြစ်သော စား၊ ဝတ်၊ နေမှု ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း ပြုနိုင်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်ငန်းတစ်ခု၏ ကုန်ထုတ်စွမ်းအားစုများသည် လူ့အဖွဲ့အစည်းတစ်ရပ်နှင့် သဘာဝပတ်ဝန်းကျင်တို့၏ ဆက်ဆံရေး အနေအထားကို ထင်ဟပ်ဖော်ပြခြင်း ပြုရုံမျှသာမက လူတို့က ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်အပေါ်၌ မည်ရွေ့မည်မျှ လွှမ်းမိုးကျော်လွှားခြင်း ပြုလျက်ရှိပြီ ဆိုသော သမိုင်းရေးရာ အချက်ကြီးတစ်ချက်ကိုလည်း အထင်အရှား ဖော်ပြသည်။ သို့ရာတွင် ကုန်ထုတ်စွမ်းအားစုများသည် ကုန်ထုတ်လုပ်ငန်း တစ်ခု၏ အပိုင်းတစ်ပိုင်းမျှသာ ဖြစ်သည်။

ကုန်လုပ်ဆက်ဆံရေး ဆိုသည်ကား အဘယ်နည်း။

ကုန်ထုတ်လုပ်ငန်း တစ်ခုကိုစတင်၍ ထူထောင်ခြင်း ပြုသည်နှင့်တစ်ပြိုင်နက် လူတို့သည် မိမိတို့အချင်းချင်းမလွဲသာမရှောင်သာသော ဆက်ဆံမှုများအတွင်းသို့ ဝင်ရောက်ခြင်း ပြုကြရလေသည်။ မိမိတို့အချင်းချင်း ဆက်ဆံခြင်း၊ သမဝါယမပြုခြင်းအားဖြင့်သာလျှင် လူသည် ကုန်ထုတ်လုပ်ခြင်းအမှုကို ပြုလုပ်နိုင်သည်။ လူသည် အဖွဲ့အစည်းနှင့် လည်းကောင်း၊ ဆက်ဆံရေးနှင့် လည်းကောင်း ကင်းလွတ်၍

mgyoe.com

mgyoe.com
SAMPLE BOOK


မိမိဘာသာ တစ်ဦးတစ်ယောက်တည်း ထိုအမှုကို မပြုလုပ်နိုင်စွမ်းချေ။ သဘာဝပတ်ဝန်းကျင်က လူဆိုသော သတ္တဝါအား အဖွဲ့အစည်း အစုအဝေးနှင့် နေထိုင်လျက်၊ ဆက်ဆံလျက် မိမိတို့အချင်းချင်းလည်း သမဝါယမ ပြုတတ်မှ အသက်ရှင်ခွင့် ပြုလေသည်။ ထို့ကြောင့် အကြင်သူ တစ်ဦးတစ်ယောက်သည် မိမိဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စား၊ ဝတ်၊ နေမှု ကုန်ပစ္စည်းများကို ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဆက်ဆံခြင်းပြုရုံနှင့် မလုံလောက်သေးဘဲ အခြားသောသူများနှင့်လည်း တစ်နည်းမဟုတ်လျှင် တစ်နည်းဖြစ်သော ဆက်ဆံရေးအတွင်းသို့ ဝင်ရောက်ခြင်း ပြုရသည်။ ဤအချက်ကို ရည်စူး၍ ဆိုကရေးတီးစ်က 'လူသည် ဆက်ဆံခြင်း ပြုရသော သတ္တဝါ ဖြစ်သည်' ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

ဤကဲ့သို့ မိမိတို့ စား၊ ဝတ်၊ နေမှုများအတွက် ကုန်ပစ္စည်းများကို ထုတ်လုပ်ကြရာ၌ လူတို့အချင်းချင်း မလွဲသာ၊ မရှောင်သာ ပြုကြရသော ဆက်ဆံရေးသည် ကုန်လုပ်ဆက်ဆံရေးပင် ဖြစ်သည်။ လူတို့အချင်းချင်း ဤသို့ သမဝါယမ ပြုကြရသော ကုန်လုပ်ဆက်ဆံရေး တစ်ရပ်၌ ကုန်ထုတ်လုပ်ငန်းတစ်ခုကို မည်သို့မည်ပုံ ပိုင်ဆိုင်ကြသည်၊ ယင်း ကုန်ထုတ်လုပ်ငန်းမှ ထုတ်လုပ်ရရှိသော ဓနကို လူတို့ အဘယ်သို့ ဝေပုံချ၍ ခွဲခြမ်းယူငင်ကြသည်၊ ထို ဓနဝေပုံချမှု အပေါ်တွင် အခြေခံ၍ မည်ကဲ့သို့သော လူ့အစုအဝေးနှင့် အတန်းအစားများ ပေါ်ပေါက်လာကြသည်၊ ၎င်းလူ့အစုအဝေးနှင့် အတန်းအစားများ၏ ဆက်ဆံရေးသည် အဘယ်ပုံ၊ အဘယ်အနေအထားရှိသည် စသော အချက်အလက်များသည် ကုန်လုပ်ဆက်ဆံရေး၏ လက္ခဏာရပ်များပင် ဖြစ်လေသည်။ မြန်မာနိုင်ငံ သမိုင်း၌ အသည်၊ အမှုထမ်း၊ ကပ်ပါး၊ အဝင်အလာ စသော လူ့အစုအဝေးများသည် မြန်မာပဒေသရာဇ် ကုန်လုပ်ဆက်ဆံရေး၏ အသွင်နှင့် လက္ခဏာရပ်များပင် ဖြစ်သည်။

ဤသို့အားဖြင့် ကုန်ထုတ်လုပ်ငန်းတစ်ခုတွင် ကုန်ထုတ်စွမ်းအားစု အပိုင်းနှင့် ကုန်လုပ်ဆက်ဆံရေးအပိုင်း ဟူ၍ နှစ်ပိုင်းရှိရာ ကုန်ထုတ်စွမ်းအားစု အပိုင်းက လူ့အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်တို့၏ ဆက်ဆံရေး အနေအထားကို ဖော်ပြလျက် ကုန်လုပ်ဆက်ဆံရေးအပိုင်းက လူ့အဖွဲ့အစည်းအတွင်း လူတို့အချင်းချင်း၏ ဆက်ဆံရေးကို ဖော်ပြလေသည်။ ယင်းသို့ လူ့အဖွဲ့အစည်း တစ်ရပ်နှင့် သဘာဝပတ်ဝန်းကျင်တို့၏ ဆက်ဆံရေး ဖြစ်သော ကုန်ထုတ်စွမ်းအားစု

mgyoe.com

အပိုင်းကို လူ့အဖွဲ့အစည်းအတွင်း လူတို့အချင်းချင်း၏ ဆက်ဆံရေးဖြစ်သော ကုန်လုပ်ဆက်ဆံရေးအပိုင်းက ပြန်လည်ပဲ့ပြင်တတ်သော တန်ခိုးသတ္တိများ ရှိလေရကား ၎င်းနှစ်ပိုင်းစလုံး၏ သဘာဝအာနိသင်များနှင့် အပြန်အလှန် အကျိုးပြုပုံများကို လေ့လာသိရှိဖို့ လိုပေသည်။

ကုန်ထုတ်စွမ်းအားစုများ၏ တန်ခိုးအာနိသင်များကား အဘယ်နည်း။

ကုန်ထုတ်စွမ်းအားစုများသည် ကြာရှည်သဖြင့် ရပ်တည်၍ မနေတတ်ချေ။ အစဉ်သဖြင့် လှုပ်ရှားတိုးတက်နေတတ်သော သဘော ရှိသည်။ လူတို့၏ ကုန်ထုတ်စွမ်းပကား၊ ကုန်လုပ်အတွေ့အကြုံ ကုန်လုပ်ကျွမ်းကျင်မှုနှင့် ကုန်ထုတ်ကိရိယာ စသည်တို့သည် အစဉ်တစိုက် ကြွယ်ဝတိုးတက်ခြင်းသာ ရှိသည်။ တစ်နေရာရာ၊ တစ်ဆင့်ဆင့်၌ ကြာရှည်သဖြင့် တည်တံ့နေသည် ဟူ၍ကား မရှိချေ။ ၎င်း၏ တန်ခိုးအာနိသင်မှာ ၎င်း၏ ဖြစ်ပေါ်တိုးတက်မှုအဆင့်နှင့် လိုက်လျောကိုက်ညီသောကုန်လုပ်ဆက်ဆံရေးအနေအထားကိုသာအဆုံးအဖြတ်ပေးတတ်ခြင်းပင် ဖြစ်သည်။

ကုန်လုပ်ဆက်ဆံရေး၏ တန်ခိုးအာနိသင်များကား အဘယ်နည်း။

ကုန်လုပ်ဆက်ဆံရေးတစ်ရပ်၌ ကုန်ထုတ်စွမ်းအားစုများအပေါ် မှီခိုခြင်း ကင်းလွတ်၍ လည်းကောင်း၊ ၎င်းဘာသာ သီးခြားဖြစ်တတ်သော ဘဝဟူ၍ကား မရှိချေ။ သို့ရာတွင် ကုန်ထုတ်စွမ်းအားစုများကြောင့် ဖြစ်ပေါ်လာရသော ကုန်လုပ်ဆက်ဆံရေး တစ်ရပ်၌ မိမိအား မွေးထုတ်လိုက်သော ကုန်ထုတ်စွမ်းအားစုများအပေါ် ကောင်းကျိုး ဟူ၍လည်းကောင်း၊ ဆိုးကျိုး ဟူ၍လည်းကောင်း စေ့ဆော်ပြုစွမ်းနိုင်သော တန်ခိုးအာနိသင်များ ရှိလာသည်။ ကောင်းကျိုး ဆိုရာ၌ ကုန်ထုတ်စွမ်းအားစုများကို ရှေ့သို့ တိုးတက်အောင် စေ့ဆော်ဖန်တီးပေးနိုင်သော တန်ခိုးအာနိသင် ဖြစ်သည်။ ဆိုးကျိုး ဆိုရာ၌လည်း ကုန်ထုတ်စွမ်းအားစုများကို တိုးတက်မှု မရှိအောင် ဖမ်းစား ဆွဲဆောင်နိုင်သော တန်ခိုးအာနိသင်များပင် ဖြစ်သည်။ သို့ရာတွင် ကုန်လုပ်ဆက်ဆံရေး တစ်ရပ်သည် အစဉ်သဖြင့် လျင်မြန်စွာ တိုးတက်နေလေ့ရှိသော ကုန်ထုတ်စွမ်းအားစုများနှင့် တစ်ပြေးညီစွာ၊ သို့မဟုတ် လိုက်လျောကိုက်ညီစွာ ဖြစ်ပေါ် လိုက်ပါခြင်း မပြုတတ်ဘဲ နှေးကွေး၍ နောက်ကျ ကျန်ရစ်လေ့ရှိသည်။

mgyoe.com

mgyoe.com

ဤကား ကုန်ထုတ်စွမ်းအားစုအပိုင်းနှင့် ကုန်လုပ်ဆက်ဆံရေးအပိုင်းတို့၏ သဘာဝနှင့် တန်ခိုးအာနိသင်များပင် ဖြစ်ကြသည်။ သို့ရာတွင် ၎င်းတို့အချင်းချင်းသည် မည်ကဲ့သို့ အပြန်အလှန် အကျိုးပြုကြသနည်း။ ထိုအကျိုးပြုမှုသည် ကုန်ထုတ်လုပ်ငန်းတစ်ခု၏ အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှုကို မည်ကဲ့သို့ ဖန်တီးလှုံ့ဆော်သနည်း။

ကုန်ထုတ်လုပ်ငန်းတစ်ရပ်တွင် ကုန်ထုတ်စွမ်းအားစုအပိုင်းသည် အနှစ်သာရ ဖြစ်၍ ကုန်လုပ်ဆက်ဆံရေးအပိုင်းသည် အပေါ်ယံ အကာမျှသာ ဖြစ်လေသည်။ အနှစ်သာရ၏ ဖြစ်ပေါ်တိုးတက်မှုနောက်သို့ အပေါ်ယံအကာသည် လိုက်ပါပြောင်းလဲခြင်း ပြုကြသော်လည်း အများအားဖြင့် နှေးကွေး၍ နောက်ကျ ကျန်ရစ်ခြင်းကသာ များသည်။ အနှစ်သာရနှင့် အပေါ်ယံအကာတို့၏ အပြန်အလှန် ဆက်ဆံရေးဖြစ်သော ဤယေဘုယျတရားသည် ကုန်ထုတ်စွမ်းအားစု အပိုင်းနှင့် ကုန်လုပ်ဆက်ဆံရေး အပိုင်းတို့၏ အပြန်အလှန် ဆက်ဆံရေး၌လည်း အကျုံးဝင်လျက်ရှိသည်။

ကုန်ထုတ်လုပ်ငန်းတစ်ရပ်၌ ကုန်ထုတ်စွမ်းအားစုသည် မိမိ၏ ဖြစ်ပေါ်တိုးတက်မှု အဆင့်ဆင့်နှင့် လိုက်လျောကိုက်ညီသော ကုန်လုပ်ဆက်ဆံရေး တစ်ရပ်ကို အဆုံးအဖြတ်ပြုပြီးနောက် ရှေ့သို့ အစဉ်တစိုက် တိုးတက်၍ နေသည်နှင့်အမျှ ကုန်ထုတ်လုပ်ငန်းကြီး တစ်ရပ်လုံးသည် မြင့်မားတိုးတက်နေလိမ့်မည်သာ ဖြစ်ချေသည်။ ကုန်ထုတ်လုပ်ငန်း တိုးတက်မြင့်မားလျက် ရှိသည်နှင့်အမျှလည်း ယင်းကုန်ထုတ်လုပ်ငန်းနှင့် ဆက်စပ်နေသော လူ့အဖွဲ့အစည်းတစ်ရပ်သည် တိုးတက်ကြွယ်ဝနေမည်သာ ဖြစ်လေသည်။

ယင်းသို့ ကုန်လုပ်ဆက်ဆံရေးတစ်ရပ်သည် ကုန်ထုတ်စွမ်းအားစုနှင့် လိုက်လျောကိုက်ညီ၍ နေသမျှကာလပတ်လုံး ကုန်ထုတ်စွမ်းအားစုများသည် ရှေ့သို့ အစဉ်တစိုက် တိုးတက်နေမည် ဖြစ်သော်လည်း ဖြစ်ပေါ် လိုက်ပါမှုတွင် နှေးကွေးနောက်ကျ ကျန်ရစ်သောအခါတွင်မူကား ကုန်ထုတ်စွမ်းအားစုများ၏ တိုးတက်မှုသည် နှေးကွေးလေးလံလာတတ်သည်။ တန့်ဆိုင်း၍လည်း နေတတ်သည်။ သဘာဝအားဖြင့် ရှေ့သို့ အစဉ်တစိုက် တိုးတက်နေတတ်သော ကုန်ထုတ်စွမ်းအားစုများကို သဘာဝအားဖြင့် နှေးကွေးလေးလံ၍ နောက်ကျကျန်ရစ်တတ်သော ကုန်လုပ်ဆက်ဆံရေးအပိုင်းက ဟန့်တားဆွဲငင်၍ ထားသောကြောင့် ၎င်းတို့

mgyoe.com

အချင်းချင်း ပဋိပက္ခ ဖြစ်ပွားလာသည်။ ထိုသို့ ပဋိပက္ခ ဖြစ်ပွားသောအခါ ကုန်ထုတ်လုပ်ငန်း တစ်ရပ်လုံး ရှေ့တိုးနောက်ငင်နှင့် မတည်မငြိမ် ဖြစ်လာသည်။ ကုန်ထုတ်စွမ်းအားစုများလည်း ဆုတ်ယုတ်ပျက်ပြားလာသည်။ ထိုအခါတွင် ကုန်ထုတ်လုပ်ငန်းကြီး တစ်ခုသည်လည်း မိမိ၏ ဖြစ်ပေါ်တိုးတက်နေသော အဆင့်မှ လျှော၍ကျဆင်းလေသည်။ ယင်းကာလ၌ ကုန်ထုတ်လုပ်ငန်းကို မှီခို၍ ရပ်တည်နေရသော လူ့အဖွဲ့အစည်းတစ်ရပ်သည်လည်း မိမိ၏ဖြစ်ပေါ်တိုးတက်နေသော သဘာဝအဆင့်တွင် လှုပ်လှုပ်ရှားရှားနှင့် မငြိမ်မသက် ဖြစ်လာသည်။ နောက်ဆုံး၌ ပြင်းထန်သော ပေါက်ကွဲမှုနှင့် ပြောင်းလဲမှုများအထိ ဖြစ်ပွားလာတတ်သည်။ ဤကား ကုန်ထုတ်စွမ်းအားစုပိုင်းနှင့် ကုန်လုပ်ဆက်ဆံရေးအပိုင်းတို့၏ အပြန်အလှန်အကျိုးပြုမှုသည် ကုန်ထုတ်လုပ်ငန်းတစ်ခုနှင့် လူ့အဖွဲ့အစည်းတစ်ရပ်တို့၏ ဘဝအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှု၊ ဆုတ်ယုတ်ပျက်ပြားမှု၊ ပြောင်းလဲမှုများနှင့် မည်ကဲ့သို့အကျုံးဝင် သက်ဆိုင်နေသည်ဆိုသော အလွန်တရာ အရေးပါလှသည့် သမိုင်းရေးရာအချက်ကြီးတစ်ချက်ကို လေ့လာတွေ့ရှိရခြင်းပင် ဖြစ်သည်။

မြန်မာ့ရာဇဝင်တော်ကြီးများ၌ ပုဂံပြည်ကြီးနှင့် ပုဂံမင်းဆက်များ ပေါ်ပေါက်လာပုံ၊ ပုဂံပြည်၏ ကြီးကျယ်ခမ်းနားပုံ၊ ပုဂံမင်းဆက်များ လက်ထက်တွင် မြန်မာနိုင်ငံတော်ကြီးကို ပထမဦးဆုံးအကြိမ် စည်းလုံးသိမ်းသွင်းမိပုံနှင့် နောက်ဆုံး ပုဂံပြည်ကြီးနှင့် ပုဂံမင်းများ ပျက်စီးတိမ်ကောသွားရသော အဖြစ်အပျက်များကို အကြောင်းအမျိုးမျိုးဖြင့် ရေးသားဖော်ပြကြသည်။ သို့ရာတွင် ၎င်းရာဇဝင် အဖြစ်အပျက်များကို လက်လှမ်းမီသမျှ အထောက်အထား၊ အချက်အလက်များဖြင့် ပြန်လည်လေ့လာခြင်း ပြုသောအခါ အထက်တွင် ဖော်ပြခြင်း ပြုခဲ့သော သမိုင်းရေးအရာ အချက်ကြီးအပေါ်၌သာလျှင် အခြေခံနေကြောင်း အထင်အရှား တွေ့မြင်နိုင်လေသည်။

အနော်ရထာ (၁၀၄၄-၇၇) မှ နရသီဟပတေ့ (၁၂၅၄-၈၇) မင်းအထိ နှစ်ပေါင်း နှစ်ရာကျော်ကျော်မျှ ပုဂံမင်းဆက် ၁၁ ဆက်သည် ပုဂံပြည် ထီးနန်း၌ စိုးစံကာ မြန်မာတစ်နိုင်ငံလုံးကို ပထမဦးဆုံးအကြိမ် စည်းလုံးအုပ်ချုပ်သွားခဲ့ကြသည်။ နရသီဟပတေ့မင်းနောက် မင်းသုံးဆက်မျှ ပုဂံပြည်ကြီးထီးနန်းကို သက္ကရာဇ် ၁၃၆၈ ခုနှစ်အထိ ဆက်လက်စိုးစံကြသေးသော်လည်း မြန်မာတစ်နိုင်ငံလုံး

mgoe.com

myoe.com

ကိုကား စည်းလုံးအုပ်ချုပ်ခြင်း မပြုနိုင်တော့ချေ။ ထို့နောက် ပုဂံမင်းဆက်လည်း ပြတ်ကာ မြန်မာနိုင်ငံ၏ စည်းလုံးမှုသည်လည်း ပျက်ပြားသွားလေသည်။ ဤကား မြန်မာရာဇဝင်တော်ကြီးများ၌ ရေးသားဖော်ပြကြသော ပုဂံပြည်၊ ပုဂံမင်းဆက်နှင့် မြန်မာနိုင်ငံတို့၏ အကျဉ်းရုံး အဖြစ်အပျက်များပင် ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်း၌ ပုဂံပြည်ကြီးသည် အဘယ့်ကြောင့် ကြီးကျယ်ခမ်းနား၍ ပုဂံမင်းဆက်များသည်လည်း မြန်မာတစ်နိုင်ငံလုံးကို အဘယ့်ကြောင့် စည်းလုံး သိမ်းသွင်း၍ အုပ်ချုပ်ခြင်း ပြုနိုင်ခဲ့ကြသနည်း။

ပုဂံရာဇဝင်ကိုပြန်လည်လေ့လာမိသောအခါ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ မင်းရှင်စောနှင့် နရပတိစည်သူ စသော မင်းဆက်များသည် မြန်မာနိုင်ငံ၏ ကုန်ထုတ်စွမ်းအားစုများဖြစ်သော လယ်၊ ယာ၊ ကိုင်း၊ ကျွန်းနှင့် ရေတွင်း၊ ရေကန်၊ ဆည်မြောင်းများကို နှစ်ပေါင်း ၁၅၀ သာသာခန့်မျှ အများဆုံး တိုးချဲ့လုပ်ဆောင်ခဲ့ကြသော အုပ်ချုပ်သူများဖြစ်ကြောင်း တွေ့ရှိရသည်။ ပုဂံပြည်ဘုရင် မဟုတ်သော်လည်း အလောင်းစည်သူ၏သား မင်းရှင်စောအား ထည့်သွင်းလိုက်ရခြင်းမှာ ၎င်းသည် မင္ဘလေးခရိုင် ထွန်တုံးပူတက် အရပ်ဒေသတွင် တမုဆိုးနှင့် အောင်ပင်လယ် အစရှိသော ကန်ကြီးများကို တူးဖော်၍ လယ်ပယ်ပေါင်းမြောက်မြားစွာတို့ကို တိုးချဲ့ပြုစုခဲ့သော မင်းသားကြီးတစ်ဦး ဖြစ်သည်။ ထို့ကြောင့် ဤပုဂံမင်းဆက်များ လက်ထက်တွင် မြန်မာနိုင်ငံ ကုန်ထုတ်လုပ်ငန်းသည် သူ့ခေတ်နှင့် သူ့အခါအလျောက် အတိုးတက်ဆုံး၊ အမြင့်မား အကြွယ်ဝဆုံး ဖြစ်ခဲ့သည်။ နရပတိစည်သူဘုရင်၏ သားတော် ဇေယျသိင်္ခမင်း (၁၂၁၀-၁၂၃၄)လက်ထက်တွင် 'လွှတ်တော်' ဟူ၍ စတင်ပေါ်ပေါက်လာခြင်းမှာလည်း ထိုအချိန်က ကုန်ထုတ်စွမ်းအားစုများနှင့် ကိုက်ညီသော ကုန်လုပ်ဆက်ဆံရေးအသွင် တစ်ရပ်သို့ တိုးတက်ပြောင်းလဲလာခြင်းပင် ဖြစ်သည်။ ဇေယျသိင်္ခဘုရင် မတိုင်မီ အနော်ရထာဘုရင်မှ နရပတိစည်သူဘုရင်အထိ နိုင်ငံရေးတန်ခိုးအာဏာ အားလုံးကို ဘုရင်တစ်ဦးတည်း၏ လက်ဝယ်၌သာ သိမ်းပိုက်ထားခဲ့ရာမှ ဇေယျသိင်္ခဘုရင် လက်ထက်မှ အစပြုလျက် ဘုရင်၏ တန်ခိုးအာဏာအချို့အဝက်ကို လွှတ်တော်သို့ ခွဲဝေပေးလိုက်ရခြင်း ဖြစ်သည်။

သို့ရာတွင် နရသီဟပတေ့ဘုရင် လက်ထက်တွင် ပုဂံပြည်ကြီးသည်

myoe.com

m goe.com SAMPLE BOOK


ပျက်စီးကာ မြန်မာနိုင်ငံ၏ စည်းလုံးမှုသည်လည်း ကြေကွဲလောက်ဖွယ် ပျက်ပြား သွားခဲ့သည်။ အဘယ်ကြောင့်နည်း…။

ဓေယျသိခ်ဘုရင်လက်ထက်မှ အစပြု၍ ပုဂံပြည် ပျက်စီးသော နရသီဟပတေ့ဘုရင် လက်ထက်အထိ နှစ်ပေါင်း ၇၀ သာသာခန့်မျှ ရှေးယခင် ပုဂံမင်းဆက်များကဲ့သို့ တိုင်းပြည်၏ကုန်ထုတ်စွမ်းအားစုများကို ပြုစုတိုးချဲ့ခြင်း လုပ်ငန်းများ ဘာတစ်ခုမျှ မတွေ့ရှိရတော့ပေ။ မြန်မာနိုင်ငံ ရာဇဝင်တော်ကြီး များ၏ရေးသားဖော်ပြချက်အရထိုပုဂံမင်းဆက်များသည် သာသနာရေးလုပ်ငန်း များ၌ စိတ်ထက်သန်စွာ ဆောင်ရွက်ကြောင်းသာ တွေ့ရှိရသည်။ ထို့ကြောင့် မင်းဆက်များ လက်ထက်တွင် တိုင်းပြည်၏ ကုန်ထုတ်လုပ်ငန်းများ ပျက်ပြားလာ သည်။ အထူးသဖြင့် နရသီဟပတေ့ဘုရင် လက်ထက်တွင် မြန်မာနိုင်ငံအနှံ့အပြား ၌ မငြိမ်မသက် ဖြစ်လာသည်။ ပုန်ကုန်ထကြွမှုများလည်း ပေါ်ပေါက်လာသည်။ ဤအခြေအနေနှင့် အချက်အလက်များပေါ်တွင် အရင်းခံ၍ ပုဂံပြည်ကြီးနှင့်တကွ ပုဂံမင်းဆက်များသည် ပျက်စီးသွားခဲ့ရခြင်းသာ ဖြစ်သည်။

ထို့ကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်၏ သမိုင်းကို ဝိဇ္ဇာနည်းကျကျ လေ့လာဖတ်ရှုခြင်း ပြုနိုင်ရန်အတွက် အထက်ဖော်ပြပါ သမိုင်းဝင်အချက်ကြီး တစ်ချက်နှင့် ၎င်းအချက်နှင့် ဆက်စပ်သော အကြောင်းအရာ၊ အဖြစ်အပျက်များ ကိုပြည့်စုံနိုင်သမျှပြည့်စုံအောင်ရှာဖွေစုဆောင်းဖို့လိုသည်။ ယင်းအချက်အလက်၊ အထောက်အထားများဖြင့်သာလျှင် နိုင်ငံတစ်နိုင်ငံနှင့် လူ့အဖွဲ့အစည်းတစ်ရပ်၏ သမိုင်းကို စနစ်တကျ ဖောက်လုပ်၍ ရက်ရှယ်ကြည့်ရှုနိုင်လိမ့်မည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းကို စနစ်တကျ ရက်ရှယ်ကြည့်ရှုနိုင်ရန်အတွက် အထက်ဖော်ပြပါသမိုင်းရေးရာအချက်အလက်များကိုရနိုင်သမျှရှာဖွေစုဆောင်း ခြင်းပြုရန် လိုပေသည်။ ပုဂံမင်းဆက်များ မတိုင်မီက မြန်မာနိုင်ငံ ကုန်ထုတ် လုပ်ငန်းများကို လည်းကောင်း၊ ပုဂံ၊ အင်းဝ၊ ဟံသာဝတီ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်မင်းဆက်များ အသီးသီးလက်ထက်၌ ဖြစ်ထွန်းခဲ့သော ကုန်ထုတ် လုပ်ငန်းများကိုလည်းကောင်း စနစ်တကျ သုတေသနပြုရန် လိုအပ်ပေသည်။ သို့ရာတွင် ထိုလုပ်ငန်းသည် သေးငယ်လွယ်ကူသော အလုပ် မဟုတ်ချေ။ အထူး သဖြင့် သဘာဝ၊ စစ်မက်နှင့် တိုင်းတစ်ပါး ကျူးကျော်အုပ်စိုးမှုများ၏ ဘေးဒဏ်

mgoe.com

mgyoe.com SAMPLE BOOK

ကို မိမိ၏ အတိုင်းအတာနှင့် မမျှအောင် အလူးအလဲ ခံခဲ့ရသော မြန်မာနိုင်ငံ၌ အထက်ဖော်ပြပါ သမိုင်းရေးရာပစ္စည်းများကို ပြည့်ပြည့်စုံစုံ ရှာဖွေစုဆောင်းခြင်းနှင့် စနစ်တကျ သုတေသနပြုရန် အလုပ်များမှာ 'ချစ်တီးခေါင်း သန်းရှာရခက်သည်' ဆိုသော အခက်ထက် မပိုသည့်တိုင်အောင် လိုလိမ့်မည်ကား မဟုတ်ချေ။ သို့ရာတွင် ဖြစ်နိုင်သမျှ ကြိုးပမ်း၍ ရနိုင်သမျှ အချက်အလက်များ၊ ပစ္စည်းများဖြင့် အနီးစပ် အမှန်ကန်ဆုံးဖြစ်သော မြန်မာနိုင်ငံ၏ သမိုင်းတစ်စောင်ကို ပြုစုထုတ်လုပ်ရန် အချိန်တန်လေပြီ။

၀

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာနိုင်ငံ၏ ပထဝီအနေအထား

မြန်မာနိုင်ငံသည် တရုတ်ပြည်၊ အိန္ဒိယပြည်နှင့် အရှေ့အာရှတောင်ပိုင်း ဒေသများ၏ ပတ်ဝန်းကျင်တွင် တည်ရှိသော ဒေသတစ်ခု ဖြစ်သည်။ ယင်းဒေသများနှင့် ရေ၊ မြေ၊ တော၊ တောင် စသည်တို့အားဖြင့် ဆက်စပ်လျက် ရှိခြင်းကြောင့် စပ်ကူး မပ်ကူး ဒေသတစ်ခုကဲ့သို့လည်း ဖြစ်နေသည်။

မြန်မာနိုင်ငံ၏အနောက်ဘက် တောင်တန်းကြီးများသည် အိန္ဒိယပြည် အရှေ့မြောက် နယ်စပ်ဒေသနှင့် လည်းကောင်း၊ အာသံနယ်၊ မဏိပူရနယ်များနှင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ ရခိုင်ကမ်းမြောင်ဒေသသည် အိန္ဒိယပြည် (ယခု ပါကစ္စတန်)၊ ဘင်္ဂလားနယ်နှင့် လည်းကောင်း ဆက်စပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏မြောက်ဘက် တောင်တန်းဒေသများသည် တရုတ်ပြည် တိဗက်နယ်နှင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အရှေ့ဘက်တစ်လွှားရှိ ကချင်တောင်တန်းနှင့် ရှမ်းကုန်းမြေမြင့်တို့သည် တရုတ်ပြည် ယူနန်နယ်နှင့်လည်းကောင်း၊ မြန်မာရာဇဝင်တော်ကြီးများ၌ ပိသုလောဟူ၍ ဖြစ်စေ၊ လင်းဇင်းဟူ၍ ဖြစ်စေ ရည်ညွှန်းလေ့ရှိသော ယခုခေတ် လောပြည်နှင့်လည်းကောင်း၊ တနင်္သာရီကမ်းမြောင်ဒေသတို့သည် ယိုးဒယားပြည်၊ မာလာယုပြည်များနှင့်လည်းကောင်း ဆက်စပ်နေသည်။ ဤသို့ သဘာဝအနေအထား တည်ရှိမှုနှင့် ဆက်စပ်မှုများကြောင့် မြန်မာနိုင်ငံသည်

mgyoe.com

mgyoe.com

အထက်ဖော်ပြပါဒေသများ၏ ပတ်ဝန်းကျင်တွင် စပ်ကူးမပ်ကူး ဒေသတစ်ခုသဖွယ် ဖြစ်နေသည်ဟု ဆိုရခြင်း ဖြစ်သည်။

ယင်းသို့ သဘာဝပထဝီအားဖြင့် အထက်ဖော်ပြပါ နိုင်ငံများနှင့် ခွဲခွာခြင်း မပြုနိုင်လောက်အောင် ဆက်စပ်ငြိတွယ်လျက် ရှိနေခြင်းကြောင့် လူမျိုးရေးနှင့် ယဉ်ကျေးမှုများအားဖြင့် လည်းကောင်း၊ နိုင်ငံရေးနှင့် စီးပွားရေးအားဖြင့် လည်းကောင်း မြန်မာနိုင်ငံသည် ယင်းဒေသများနှင့် တစ်နည်းမဟုတ်လျှင် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေါင်းစပ်၍ နေပြန်သည်။ ဤဖြစ်ရပ်နှင့် အကြောင်းအရာများသည် လူတို့၏ဆန္ဒနှင့် ကင်းလွတ်လျက် မူလသဘာဝက ဖန်တီးထားရှိသော ဖြစ်ရပ်နှင့် အကြောင်းအရာများ ဖြစ်သည်။ မြန်မာနိုင်ငံ သမိုင်း၏ အခြေခံအချက်ကြီး တစ်ချက်လည်း ဖြစ်လေသည်။

ယင်းသို့ တည်ရှိနေသော သဘာဝပထဝီကြောင့်လည်း မြန်မာနိုင်ငံ၏ သမိုင်း ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုများသည် မိမိဘာသာ သီးခြားကင်းလွတ်၍ မနေဘဲ အထက်ပါဒေသများနှင့် တစ်နည်း မဟုတ်လျှင် တစ်နည်းနည်းအားဖြင့် ဆက်စပ်ဖြစ်ပေါ်လျက် ရှိသည်။ နိုင်ငံရေး၊ လူမျိုးရေးနှင့် ယဉ်ကျေးမှုအားဖြင့် မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ လော၊ ယိုးဒယားနှင့် မာလာယု စသော ပတ်ဝန်းကျင်နိုင်ငံများနှင့် သမိုင်းမတိုင်မီ ရှေးပဝေသဏီအချိန်မှ အစပြု၍ မျက်မှောက်ခေတ်သို့တိုင်အောင် ဆက်သွယ်နေသည်။ ဒေသတစ်ခုနှင့် တစ်ခုတို့သည် အပြန်အလှန် အကျိုးပြုနေကြသည်။ ကြမ္မာခြင်းအားဖြင့်လည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ သို့မဟုတ် စုပေါင်း၍ဖြစ်စေ ဆက်စပ်လျက် ရှိသည်။

မြန်မာနိုင်ငံ သမိုင်းရေးရာ သုတေသီများ၏ ခန့်မှန်းတွက်ဆချက် အလိုအရ လွန်ခဲ့သော အနှစ်သုံးထောင်ခန့်လောက်မှ အစပြုလျက် 'မောင်းဂွတ်' အနွယ်ဝင် လူမျိုးများသည် အိန္ဒိယ၊ တရုတ်နှင့် ယိုးဒယားနိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံသို့ တစ်သုတ်ပြီး တစ်သုတ် အစုစု အနွယ်နွယ် ခွဲကာ မျက်မှောက်ခေတ်သို့တိုင်အောင် ဝင်ရောက်ခဲ့၊ ဝင်ရောက်ဆဲ ဖြစ်သည်။ ယင်းသို့ ဝင်ရောက်လာကြသော လူမျိုးများအနက် အချို့လူမျိုးများသည် တိမ်ကော ပျောက်ကွယ်သွားကြပြီး ဖြစ်လျက် အချို့လူမျိုးများသည် လူမျိုးတစ်မျိုးအဖြစ်ဖြင့် စုစည်းမိခြင်း မရှိကြသေးချေ။ အချို့သော လူမျိုးစုများသည် ပထဝီဒေသ နှစ်ခု၊ သုံးခုတွင် ပြန့်ကျဲလျက် ရှိနေကြတုန်း ဖြစ်သည်။

mgyoe.com

မြန်မာရာဇဝင်တော်ကြီး၌ သာကီဝင်များဟု ရေးသားဖော်ပြလျက် ခေတ်သစ် သမိုင်းပညာရှင်များက 'ပြူ' လူမျိုးဟု ယူဆကြသော မောင်းဂွတ် အနွယ်ဝင် လူမျိုးများသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်သာသာခန့်မှစ၍ အိန္ဒိယပြည် မဏိပူရနှင့် အာသံနယ်များမှ ကဘော်တောင်ကြားလမ်းအတိုင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြပြီးလျှင် ၎င်းတို့နှင့်အတူ ရှေးဟောင်း အိန္ဒိယပြည်ကြီး၏ အင်ဒိုအာရိယန် ယဉ်ကျေးမှုများကို တင်သွင်း ယူဆောင်လာ ခဲ့ကြသည်။ မြန်မာနိုင်ငံ၌ ယနေ့တိုင်အောင် လွှမ်းမိုးလျက်ရှိသော အင်ဒိုအာရိယန် ယဉ်ကျေးမှုသည် ယင်းပြူလူမျိုးများခေတ်မှစ၍ အစပြုခဲ့သည်ဟု လက်ခံ ယုံကြည်နိုင်စရာ သမိုင်းဝင်အထောက်အထားနှင့် ပစ္စည်းများ အများအပြား ရှိပေသည်။

ဤပြူလူမျိုးများအပြင် တိဗက်-ဗမာ အနွယ်ဝင်များဖြစ်ကြသော မြန်မာ၊ ချင်းနှင့် ကချင် ခေါ် ဂျင်းဖောလူမျိုးများသည် လည်းကောင်း၊ ထိုင်းအနွယ်ဝင် များဖြစ်ကြသော ရှမ်းနှင့် ကရင် လူမျိုးများသည်လည်းကောင်း၊ တရုတ်ပြည် တိဗက်ဒေသနှင့် ယူနန်နယ်များမှ တစ်သုတ်ပြီး တစ်သုတ် ဝင်ရောက်လာကြ သူများ ဖြစ်သည်။ မွန်-ခမာ လူမျိုးများမှုကား ကမ္ဘောဒီးယား ခေါ် ခမာနှင့် ယိုးဒယား နိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသူများ ဖြစ်သည်။ ဤသို့ ဝင်ရာက်လာကြသူများအနက် အတော်အသင့် ဖွံ့ဖြိုးတိုးတက်သည်ဟု ယူဆရသောမြန်မာနှင့်ရှမ်းလူမျိုးများသည်တရုတ်ပြည်၏ရှေးဟောင်းယဉ်ကျေး မှုအချို့နှင့် ရေသွင်းစိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများကို မြန်မာနိုင်ငံတွင်းသို့ သယ်ဆောင်လာကြသည်။ မြန်မာနှင့် ရှမ်းလူမျိုးများထက် ရှေးကျ၍ မြန်မာနိုင်ငံ အတွင်းသို့ ဝင်ရောက်လာခဲ့ကြသူများ ဖြစ်သည်။ မွန်ရာဇဝင်များ၏ ရေးသား ဖော်ပြချက်အရ ၎င်းတို့သည် ဗုဒ္ဓ မပွင့်မီ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာ သာသာလောက်ကပင် ယခု တနင်္သာရီဒေသသို့ ဝင်ရောက်မိကြပြီး ဖြစ်သည်။ ယင်း ရှေးဟောင်းမွန်လူမျိုးများသည် ပြူလူမျိုးများနည်းတူ အိန္ဒိယပြည်၏ ရှေးဟောင်း အင်ဒိုအာရိယန် ယဉ်ကျေးမှုများကို မြန်မာနိုင်ငံတွင်းသို့ တင်သွင်းကြသူများ ဖြစ်ကြောင်း ခိုင်လုံသော သမိုင်းဝင် အထောက်အထားများ ရှိသည်။ မွန်လူမျိုးများ သည် အိန္ဒိယပြည်တောင်ပိုင်း အရပ်ဒေသများနှင့် သမိုင်း၏ စောစောပိုင်း

mgyoe.com

mgyoe.com

လောက်မှစ၍ ကူးသန်းဆက်ဆံမှုများ ရှိခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့ တင်သွင်းခဲ့ကြသော အင်ဒိုအာရိယန်၏ ယဉ်ကျေးမှုများသည် ပြူလူမျိုးများ သယ်ဆောင်လာခဲ့ကြသော ယဉ်ကျေးမှုများနှင့် မတူချေ။ တောင်ပိုင်းဘက်သို့ နွယ်လျက်ရှိသည်။ ပုဂံခေတ်မတိုင်မီ မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် လွှမ်းမိုးအမြစ်တွယ်နေခဲ့သော အင်ဒိုအာရိယန် ယဉ်ကျေးမှုသည် ပြူလူမျိုးများက အိန္ဒိယပြည် မြောက်ပိုင်းဒေသများမှ ယူဆောင်လာသော ယဉ်ကျေးမှုဖြစ်၍ ပုဂံခေတ်မှ အစပြု၍ မျက်မှောက်ခေတ်သို့ တိုင်အောင် မြန်မာနိုင်ငံ၌ လွှမ်းမိုးလျက်ရှိသော အင်ဒိုအာရိယန်ယဉ်ကျေးမှုသည် မွန်လူမျိုးများက အိန္ဒိယပြည် တောင်ပိုင်းအရပ်ဒေသများမှ တင်သွင်းခြင်း ပြုခဲ့ကြသော ယဉ်ကျေးမှု ဖြစ်သည်။

သမိုင်းမတိုင်မီ ပဝေသဏီအချိန်မှ အစပြု၍ ယင်းပတ်ဝန်းကျင်ဒေသများမှ လူမျိုးများ အသီးသီး မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိသော သမိုင်းရေးရာ ဆက်သွယ်မှုသည် မျက်မှောက်ခေတ်သို့ တိုင်အောင် ပြီးပြတ်ခြင်း မရှိသေးချေ။ ထိုင်းအနွယ်ဝင် ရှမ်းလူမျိုးများသည် တရုတ်ပြည် ယူနန်နယ်နှင့် တောင်ပိုင်းဒေသများ၊ မြန်မာနိုင်ငံ ရှမ်းနှင့် ကချင်ပြည်နယ်များ၊ အိန္ဒိယပြည် အာသံနယ်နှင့် အရှေ့အာရှတောင်ပိုင်းရှိ ယိုးဒယား၊ လောနှင့် ဗီယက်နမ်ပြည်များ အထိ ပျံ့နှံ့လျက်ရှိသည်။ ချင်းနှင့် နာဂလူမျိုးများသည် မြန်မာနိုင်ငံ အနောက်မြောက် တောင်တန်းဒေသများတွင် ပြန့်လျက်ရှိသည်။ ဂျင်းဖောလူမျိုးများသည် မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် လည်းကောင်း အပျံ့အနှံ့ နေထိုင်လျက် ရှိသည်။ နောက်ဆုံး မွန်–ခမာ အနွယ်ဝင်များသည် မြန်မာနိုင်ငံ တနင်္သာရီနယ်၊ ယိုးဒယားနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် လည်းကောင်း ပျံ့နှံ့လျက် ရှိသည်။ ယင်းလူမျိုးများ၏ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုသည် ညီညွတ်စွာ မရှိဘဲ ဒေသအလိုက်၊ နိုင်ငံအလိုက် မညီမညွတ် ဖြစ်ပေါ်လျက် ရှိသည်။ ပတ်ဝန်းကျင်ဒေသများမှ ဤလူမျိုးများ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာကြခြင်းနှင့် ၎င်းတို့၏ လှုပ်ရှားမှုများသည် ရှုပ်ထွေးခက်ခဲသော သမိုင်းရေးရာ ပြဿနာကြီးပင် ဖြစ်သည်။ ယင်းလူမျိုးများ၏ လှုပ်ရှားမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ပတ်ဝန်းကျင်ဒေသများတွင် ဖြစ်ပွားခဲ့ကြသော ပဋိပက္ခစစ်ပွဲနှင့် ဆက်ဆံမှုများကို ပြည့်ပြည့်စုံစုံ ဖော်ပြခြင်း ပြုနိုင်ရန်အတွက် ဆိုသော် ကျမ်းတစ်စောင်မျှ လိုအပ်ပေလိမ့်မည်။

mgyoe.com

နိုင်ငံရေးဆက်ဆံမှုတွင်လည်း မြန်မာနိုင်ငံသည် ပြူနှင့် ရှေးဟောင်းမွန်လူမျိုး လက်ထက်လောက်မှ အစပြု၍ အိန္ဒိယ၊ တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံများနှင့် ရှိခဲ့သည်ဟု ယုံကြည်လောက်စရာ အထေက်အထားများ ရှိသည်။ အိန္ဒိယပြည်နှင့် နိုင်ငံရေး ဆက်ဆံမှုကို အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ယနေ့တိုင် မတွေ့ရှိရသေးသော်လည်း တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံများနှင့်မူကား ယုံကြည်စိတ်ချလောက်သော အထောက်အထားများ ရှိသည်။ ပြူလူမျိုးများသည် တရုတ်ပြည် ယူနန်ဒေသနှင့် လည်းကောင်း၊ ပီကင်းမြို့တော်ရှိ တရုတ်ဧကရာဇ်ဘုရင်များနှင့် လည်းကောင်း သံတမန်ဆက်သွယ်မှုများ ရှိကြောင်းဖြင့် တရုတ် နန်းတွင်းမှတ်တမ်းများ၌ ရေးသားဖော်ပြကြသည်။ သက္ကရာဇ် ကိုးရာစုခန့်က ယူနန်နယ် နန်ချိုသံအဖွဲ့ဝင်များနှင့်အတူ ပြူမင်းသားတစ်ဦး ခေါင်းဆောင်သော မြန်မာနိုင်ငံမှ သံအဖွဲ့တစ်ဖွဲ့သည် တရုတ်ပြည် ပီကင်းမြို့တော်သို့လာရောက်ဆက်သွယ်ဖူးကြောင်း တရုတ်နန်းတွင်းမှတ်တမ်းများ ရှိသည်။ မြန်မာနိုင်ငံအတွင်းမှ မွန်လူမျိုးများသည်လည်း သက္ကရာဇ်တစ်ထောင် အထက်ကျော် ကာရီကပင် ကမ္ဘောဒီးယားနိုင်ငံနှင့် နိုင်ငံရေးဆက်သွယ်မှုများ ရှိခဲ့ကြသည်။ ပြူလူမျိုးများနှင့် ရှေးဟောင်းမွန်လူမျိုးများသည် တိမ်ကောသွားပြီးနောက် မြန်မာနိုင်ငံ၌ ပေါ်ပေါက်လာကြသော ပုဂံမင်းဆက်ဘုရင်များသည် လည်းကောင်း၊ ဝါရီရူမင်းဆက် မွန်ဘုရင်များသည်လည်းကောင်း၊ တရုတ်ပြည်နှင့်တကွ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံရေး ဆက်သွယ်မှုများ ရှိခဲ့ကြကြောင်းဖြင့် မြန်မာနှင့် မွန်ရာဇဝင်များ၌ ဖော်ပြကြသည်။ ထိုအစဉ်အလာကိုလည်း ထို့နောက် စိုးစံကြသော တောင်ငူ-ညောင်ရမ်းမင်းဆက်နှင့် ကုန်းဘောင်မင်းဆက် ဘုရင်များသည် ဆက်လက်ထိန်းသိမ်းခဲ့ကြသည်။ သို့ရာတွင် အိန္ဒိယ၊ သီဟိုဠ် စသော နိုင်ငံများနှင့်မူကား နိုင်ငံရေးဆက်ဆံမှုထက် ယဉ်ကျေးမှုဆက်ဆံမှုက ပိုမိုများပြား၍ အလေးအနက်ထားကြောင်းဖြင့် မွန်-မြန်မာ ရာဇဝင်များက ဖော်ပြကြသည်။

စီးပွားရေးအရ မြန်မာနိုင်ငံသည် ပြူလူမျိုးနှင့် ရှေးဟောင်းမွန်လူမျိုးများ လက်ထက်လောက်က တရုတ်ပြည်၊ အိန္ဒိယပြည်များနှင့် အဆက်အဆံများပြားခဲ့ဟန် ရှိသည်။ ပြူလူမျိုးများ မြို့ပြပြည်နယ်များ ထူထောင်ခြင်း ပြုခဲ့ကြသော အထက်မြန်မာနိုင်ငံဒေသသည် ကုန်းလမ်းခရီးဖြင့် တရုတ်ပြည်၊ အိန္ဒိယ

mgyoe.com

mgoe.com

SAMPLE BOOK


ပြည်များနှင့် စီးပွားရေးဆက်ဆံမှု ပြုခဲ့ကြပုံ ရသည်။ တနင်္သာရီနှင့် ဧရာဝတီမြစ်ဝ ကျွန်းပေါ် ဒေသတစ်ဝိုက်ရှိ မွန်လူမျိုးများနှင့် ရခိုင်ကမ်းမြောင်ဒေသရှိ ရှေးဟောင်း လူမျိုးများသည် ပင်လယ်ခရီးဖြင့် အိန္ဒိယပြည်နှင့် စီးပွားရေး ဆက်ဆံမှုများ ပြုခဲ့ကြသည်ဟု ယုံကြည်ရသည်။ ပုဂံခေတ်နောက်ပိုင်းတွင်ကား မြန်မာနိုင်ငံ သည် တရုတ်ပြည် ယူနန်နယ်နှင့် စီးပွားရေး ဆက်ဆံမှု ပိုမိုများပြားလာသည်။ ဗြိတိသျှကိုလိုနီဘဝသို့ လျှောကျသွားခဲ့ရပြီးသည့် နောက်ပိုင်း၌သာ မြန်မာနိုင်ငံ သည် အိန္ဒိယပြည်နှင့် စီးပွားရေးသာလျှင်မက နိုင်ငံရေးအားဖြင့်ပါ တစ်စထက် တစ်စ တိုးချဲ့ဆက်ဆံလာသည်ကို တွေ့ရှိရကြောင်းဖြင့် ဗြိတိသျှကိုလိုနီ သမိုင်း ဆရာကြီးများ ကိုယ်တိုင်က ထုတ်ဖော်ရေးသားခြင်း ပြုကြသည်။

နောက်ဆုံး ဤသို့ သဘာဝ၊ နိုင်ငံရေးနှင့် စီးပွားရေးပထဝီများအားဖြင့် ဆက်စပ်နေမှုကြောင့် မြန်မာနိုင်ငံနှင့် ပတ်ဝန်းကျင်နိုင်ငံများသည် တူညီသော ကြမ္မာအောက်သို့လည်း အတူတကွ ကျရောက်ခဲ့ကြသည်။ အိန္ဒိယသမုဒ္ဒရာကို ပေါ်တူဂီ စွန့်စားရေးသမားများ လွှမ်းမိုးစပြုခဲ့သော ဆယ့်ခြောက်ရာစုနှစ်များ အတွင်းလောက်မှ အစပြုလျက် မြန်မာနိုင်ငံနှင့် တကွသော ဘေးပတ်ဝန်းကျင် နိုင်ငံများသည် ယင်းပင်လယ်ဓားပြများ၏ ခြိမ်းခြောက်ကျူးကျော်မှုကို အတူတကွ ခံခဲ့ကြရသည်။ အိန္ဒိယနိုင်ငံ၌ ဂိုဝါ၊ မြန်မာနိုင်ငံ၌ သန်လျင်၊ တရုတ်ပြည်၌ မာကော စသည်တို့သည် ယင်းပေါ်တူဂီ ကျူးကျော်ရေးသမားများ၏ ကိုလိုနီ အမှတ်အသား များ ဖြစ်ကြသည်။ ပေါ်တူဂီကျူးကျော်ရေးသမားများ နောက်ပိုင်းတွင် မြန်မာ နိုင်ငံနှင့် ဘေးပတ်ဝန်းကျင်ဒေသများ ဖြစ်သော အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယား၊ လော၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မာလာယု၊ အင်ဒိုနီးရှားနှင့် တရုတ် စသော နိုင်ငံများသည် ဗြိတိသျှ၊ ပြင်သစ်၊ ဒတ်ချ်နှင့် အမေရိကန် ကိုလိုနီသမားများ၏ ကျွန်နှင့် ကျွန်တစ်ပိုင်းဘဝသို့ အတူတကွ ကျရောက်ခဲ့ကြလျက် ယင်းသို့ ကျရောက် ခဲ့ရသော ကျွန်နှင့် ကျွန်တစ်ပိုင်းဘဝများမှ လွတ်မြောက်ရေးအတွက်လည်း အထက်ပါ ကိုလိုနီသမားများကို အတူတကွ ခုခံတိုက်၍ အတူတကွပင် လွတ်မြောက် လာခဲ့ကြသည်။

ဤကား သဘာဝပထဝီအားဖြင့် အထက်ဖော်ပြပါ ဒေသများနှင့် ခွဲခွာ ခြင်း မပြုနိုင်လောက်အောင် ဆက်စပ်ငြိတွယ်လျက် ရှိနေခြင်းကြောင့် မြန်မာနိုင်ငံ ၏ သမိုင်းဖြစ်ပေါ် တိုးတက်မှုနှင့် ပြောင်းလဲမှုများသည် မိမိဘာသာ သီးခြားကွင်း

mgoe.com

လွတ်၍ မနေဘဲ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တစ်နည်း မဟုတ်လျှင် တစ်နည်းနည်းအားဖြင့် ပတ်ဝန်းကျင်ဒေသများနှင့် ဆက်စပ်ဖြစ်ပေါ်လျက် ရှိနေရခြင်း ဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းပထဝီ အနေအထားကား အဘယ်သို့ ရှိသနည်း။ အကြမ်းဖျင်း ကြည့်ရှု ဆင်ခြင်ရန် လိုသည်။

မြေကြောနှင့် ရေကြောများအရ မြန်မာနိုင်ငံသည် မြောက်နှင့်တောင်သို့ သွယ်တန်းနေသော ပထဝီဒေသတစ်ခုပင် ဖြစ်သည်။ ထိုသို့ မြေကြော၊ ရေကြောအလိုက် ဖြစ်ပေါ်နေသော ပထဝီမျက်နှာပြင် အနေအထားကို ပိုင်းခြားသောအခါ မြန်မာနိုင်ငံဆိုင်ရာ ပထဝီပညာရှင်များက-

(၁) အနောက်ဘက် တောင်တန်းကြီးများနှင့် ရခိုင်ကမ်းရိုးတန်းဒေသ၊

(၂) အရှေ့ဘက်တောင်တန်းကြီးများနှင့် တနင်္သာရီကမ်းရိုးတန်းဒေသနှင့်

(၃) ဧရာဝတီနှင့် စစ်တောင်းမြစ်ဝှမ်း အရပ်ဒေသများ

ဟူ၍ အကြမ်းဖျင်း သတ်မှတ်ပိုင်းခြားခြင်း ပြုလေ့ရှိကြသည်။

ဧရာဝတီမြစ်ညာနှင့် ချင်းတွင်းမြစ်အကြားရှိ ဆီးဖြူနှင့် မင်းဝံတောင်တန်းများ၊ ဧရာဝတီနှင့် စစ်တောင်းမြစ်အကြားရှိ ပဲခူးရိုးမတောင်တန်းများကို သီးခြားသတ်မှတ် ပိုင်းခြားခြင်း မပြုကြဘဲ မြစ်ဝှမ်းဒေသများအတွင်း၌သာ ထည့်သွင်းထားသည်။

(၁) အနောက်ဘက် တောင်တန်းကြီးများတစ်လျှောက်တွင် တောင်ရိုးအလိုက် ဖွဲ့မြဲနေထိုင်လျက် ရှိကြသော လူမျိုးများကို သညာပြု၍ ခေါ်ဝေါ်ကြသော ပတ်ကွိုင်၊ နာဂ၊ ချင်းနှင့် ရခိုင်တောင်တန်းများ အကြားတွင် ပတ်ဝန်းကျင်ဒေသများထက် နိမ့်လျှောသော မြေပြန့်ဒေသ ရှိသည်။ အိန္ဒိယပြည်မှ မြန်မာနိုင်ငံသို့ ဝင်ကြသော ရှေးလူဟောင်းများသည် ဤမြေပြန့်ဒေသများမှတစ်ဆင့် ဝင်ရောက်ခြင်းပြုသည်ဟု ယုံကြည်စရာအထောက်အထားများရှိသည်။ ယင်းမြေပြန့်ဒေသမှ လွဲ၍ အနောက်ဘက်တောင်တန်းဒေသသည် အလွန်တရာ မြင့်မောက်မတ်စောက်လျက် သစ်တောကြီးများ ဖုံးအုပ်၍ နေသည်။ ထို့ကြောင့် တိုးတက်သော ကုန်ထုတ်လုပ်ငန်းနှင့် ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းများ ဤအရပ်ဒေသတွင် ဖြစ်ထွန်းပေါ်ပေါက်လာရန် ခက်ခဲကျပ်တည်းသည်။

ရခိုင်ကမ်းရိုးတန်းဒေသသည် ဘင်္ဂလားပင်လယ်အော်နှင့် ရခိုင်ရိုးမတောင်တန်းများ အကြားရှိ ကျဉ်းမြောင်းသော ကမ်းမြောင်ဒေသ ဖြစ်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

သို့ရာတွင် ဘင်္ဂလားနယ်နှင့် စပ်နေသော မြောက်ဘက်ပိုင်းတွင် ပထဝီအနေအထားသည် ညီညာ ကျယ်ပြန့်လျက် ကုလားတန်၊ လည်မျို မေယုနှင့် နတ်မြစ်များသည် အရှေ့မှအနောက်သို့စီးဆင်းသည်။ ဤမြောက်ဘက်ပိုင်းမြစ်ဝှမ်းဒေသများသည် ပထဝီသဘောအရ အဖွံ့ဖြိုး အကြွယ်ဝဆုံးသော ဒေသများဖြစ်သဖြင့် ရခိုင်ကမ်းရိုးတန်းဒေသ၏ အတိုးတက်ဆုံး ကုန်ထုတ်လုပ်ငန်းများနှင့် အဖွံ့ဖြိုးဆုံးသော လူ့အဖွဲ့အစည်းများသည် ဤဒေသပတ်ဝန်းကျင်၌သာလျှင် ဖြစ်ထွန်းပေါ်ပေါက်နိုင်သည်။ ရခိုင် ရာဇဝင်ဟောင်းများကို ရေးသားဖော်ပြကြသော ရခိုင်ပြည်၏ မြို့တော်ဟောင်းများကို ဤဒေသပတ်ဝန်းကျင်၌သာ အများဆုံး တွေ့ရှိရသည်။ သို့ရာတွင် ရခိုင်ရိုးမတောင်တန်းကြီးများသည် မြန်မာနိုင်ငံ မြစ်ဝှမ်းဒေသများနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့ကို လွယ်လင့်တကူ ဆက်စပ်မိခြင်း မရှိနိုင်အောင် ဟန့်တားကာဆီး၍ ထားသဖြင့် ပထဝီဒေသတစ်ခုတည်းပင် ဖြစ်သော်လည်း တစ်ခုစီကဲ့သို့ ဖြစ်နေပါသည်။ သမိုင်း ဖြစ်ပေါ်တိုးတက်မှုတွင်လည်း များသောအားဖြင့် တသီးတခြားစီ ဖြစ်ပေါ်လေ့ရှိသည်။ ၎င်းဒေသနှင့် သာ၍ နီးစပ်လွယ်ကူသော အိန္ဒိယပြည် ဘင်္ဂလားနယ်နှင့်သာ အများအားဖြင့် ရင်းနှီးလျက်ရှိကြောင်းကို ရခိုင်ရာဇဝင်များ၌ အတိအလင်း ဖော်ပြကြသည်။

(၂) အရှေ့ဘက်တောင်တန်းကြီးများတစ်လျှောက်တွင် ကချင်တောင်တန်း၊ ရှမ်းကုန်းပြင်မြင့်နှင့် တနင်္သာရီတောင်တန်းများ ပါဝင်သည်။ ကချင်နှင့် တနင်္သာရီတောင်တန်းများထက် စာလျှင် ရှမ်းကုန်းမြေမြင့်ဒေသသည် ပထဝီသဘောအရညီညာကျယ်ပြန့်လျက် အဖွံ့ဖြိုးဆုံးသော လူ့အဖွဲ့အစည်းများသည် ဤရှမ်းကုန်းမြေမြင့်ဒေသ ပတ်ဝန်းကျင်တစ်ဝိုက်တွင်သာ ဖြစ်ထွန်းပေါ်ပေါက်နိုင်သည်။

တနင်္သာရီကမ်းရိုးတန်းဒေသတွင် ရခိုင်ကမ်းရိုးတန်းဒေသကဲ့သို့ ဖွံ့ဖြိုးသော မြစ်ဝှမ်းများ မရှိချေ။ စစ်တောင်းနှင့် သံလွင်မြစ်ဝများ ပတ်ဝန်းကျင်ဒေသတစ်ဝိုက်သည်သာ အတော်အသင့် ဖွံ့ဖြိုးကျယ်ပြန့်သောဒေသ ဖြစ်သည်။ ယင်းသို့ သဘာဝအနေအထား ရှိခြင်းကြောင့် တိုးတက်သော ကုန်ထုတ်လုပ်ငန်းနှင့် ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းများကို တနင်္သာရီကမ်းရိုးတန်းဒေသနှင့် ဤဒေသပတ်ဝန်းကျင်တစ်ဝိုက်၌သာ တွေ့မြင်နိုင်စရာ ရှိသည်။ မွန်ရာဇဝင်ဟောင်းများ၌ တခွမ်း

mgyoe.com

m gyoe.com  SAMPLE BOOK 

တနား ရေးသားဖော်ပြကြသော သုဝဏ္ဏဘုမ္မိတိုင်းနှင့် သုဓမ္မဝတီမြို့များသည် ဤပတ်ဝန်းကျင်ဒေသ တစ်ဝိုက်၌သာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။

(၃) ဧရာဝတီနှင့် စစ်တောင်းမြစ်ဝှမ်းဒေသများသည် မြန်မာနိုင်ငံ၏ အတိုးတက် အဖွံ့ဖြိုးဆုံးနှင့် အညီညာ အကျယ်ပြန့်ဆုံးသော ပထဝီဒေသ ဖြစ်သည်။ မြန်မာနိုင်ငံ၏ သုံးပုံနှစ်ပုံကျော်ခန့်မျှ ရှိသော မြေပြင်ပေါ်သို့ ကျရောက်သော မိုးရေတို့သည် ဤမြစ်ဝှမ်းဒေသများအတွင်းသို့ စီးဝင်ကြသည်။ ဥတုရာသီ၊ မိုးရေ ခံယူရရှိခြင်းနှင့် မြေသြဇာအနေအထားအရ ယင်းမြစ်ဝှမ်းဒေသတွင် အနည်းနှင့်အများ ကွဲပြားသော ဒေသစိတ်များ ရှိသော်လည်း အခြေခံအားဖြင့် ဤမြစ်ဝှမ်းဒေသတစ်ခုလုံးတွင် တူညီသက်ဝင်သော အခြေအနေများ ရှိသည်။ ၎င်းအပြင် ဧရာဝတီ၊ ချင်းတွင်းနှင့် စစ်တောင်းမြစ်များသည် လည်းကောင်း၊ ၎င်းတို့၏ လက်တက်များ ဖြစ်ကြသော ရွှေလီ၊ မူးနှင့် မြစ်ငယ် စသည်တို့သည် လည်းကောင်း ဤမြစ်ဝှမ်းဒေသအတွက် အကောင်းဆုံးသော သယ်ယူပို့ဆောင်ရေး လမ်းကြောင်းကြီးများလည်း ဖြစ်သည်။ ယင်း သဘာဝအနေအထားများကြောင့် တိုးတက်သော ကုန်ထုတ်လုပ်ငန်းများနှင့် ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းများသည် ဤမြစ်ဝှမ်းဒေသတစ်ဝိုက်တွင် အများဆုံး ဖြစ်ထွန်းပေါ်ပေါက်နိုင်သည်။

မြန်မာရာဇဝင်များ၌ ကြီးကျယ် ထင်ရှားခဲ့သော ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ တောင်ငူ၊ ပြည်၊ ရွှေဘို၊ အမရပူရနှင့် မန္တလေး စသော မင်းနေမြို့တော်များသည် လည်းကောင်း၊ မွန်ရာဇဝင်များ၌ ရေးသားဖော်ပြကြသော ဟံသာဝတီ၊ ဒဂုံ၊ ဒလ၊ သန်လျင်၊ ပုသိမ်နှင့် မြောင်းမြ စသော မြို့ပြများသည် လည်းကောင်း၊ ရှမ်းရာဇဝင်၌ မှတ်တမ်းတင်ထားသော မြင်စိုင်း၊ မက္ခရာ၊ ပင်လယ်၊ ကလေး၊ မိုးညှင်းနှင့် မိုးကောင်း စသော မြို့ပြများသည် လည်းကောင်း၊ ဤမြစ်ဝှမ်းဒေသများအတွင်း၌သာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ကြသည်။ အထက်ပါ ရာဇဝင်အစောင်စောင်များ၌ ရေးသားဖော်ပြကြသော မွန်၊ မြန်မာနှင့် ပဒေသရာဇ် ရှမ်းစော်ဘွားများ သုံးပွင့်ဆိုင် ဖြစ်ပွားခဲ့ကြသော စစ်ပွဲများကို ပြန်လည်ဆန်းစစ်သောအခါ ဤဖွံ့ဖြိုးကြွယ်ဝသော မြစ်ဝှမ်းဒေသများကို သူ့ထက်ငါ အပြိုင်အဆိုင် လွှမ်းမိုးနိုင်ရေးအတွက် ကြိုးပမ်းတိုက်ခိုက်ခဲ့ကြသော စစ်ပွဲများအဖြစ်ဖြင့်သာလျှင် တွေ့ရှိရလေသည်။ ပုဂံ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်မင်းဆက် မြန်မာ

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရင်များသည် လည်းကောင်း၊ မိုးညှင်း၊ မိုးကောင်း ရှမ်းစော်ဘွားများသည် လည်းကောင်း၊ ဝါရီရူမင်းဆက် မွန်ဘုရင်များသည် လည်းကောင်း၊ မြင်စိုင်း၊ ကုန်းဘောင်နှင့် မိုးညှင်း၊ မိုးကောင်း ရှမ်းစော်ဘွားများသည် လည်းကောင်း ဤမြစ်ဝှမ်း အရပ်ဒေသများကို အခြေခံ၍ မိမိတို့၏ မင်းဆက်များနှင့် မြို့၊ပြ၊ ပြည်၊ရွာများ၊လယ်၊ယာ၊ဆည်မြောင်းနှင့်အခြားလက်မှုလုပ်ငန်းကြီးငယ်များကို တည်ဆောက်နိုင်ခဲ့ခြင်းသာ ဖြစ်သည်။

ဤကား မြန်မာနိုင်ငံ၏ ပြည်တွင်း ပထဝီအနေအထား တည်ရှိနေပုံ နှင့် မြန်မာနိုင်ငံ၏ သမိုင်းဖြစ်ပေါ် တိုးတက်မှုတို့ တစ်ခုနှင့်တစ်ခု အဘယ်သို့ အကျိုးပြု ဆက်စပ်နေခြင်းအား အကြမ်းဖျင်း လေ့လာတွေ့ရှိချက်ပင် ဖြစ်သည်။

၀

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂ )

## ပုဂံခေတ် မတိုင်မီ မြန်မာနိုင်ငံ
## (သက္ကရာဇ် ၁၀၅၀ ခန့် မတိုင်မီ)

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကို သမိုင်းမတိုင်မီခေတ်မှ စတင်၍ အတတ်နိုင်ဆုံး ကြိုးပမ်းလေ့လာခြင်း ပြုကြရရိုး ဖြစ်သည်။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် အစရှိသော ကာလသုံးပါးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်ထောက်ပံ့နေကြသောကြောင့် ဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံ သမိုင်းအား ယင်းသို့ လေ့လာခြင်း မပြုနိုင်သေးချေ။

မြန်မာနိုင်ငံ၏ သမိုင်းကို နှစ်ပေါင်း ကိုးရာသာသာ တစ်ထောင်ခန့်မျှသာဖြစ်သောပုဂံခေတ်လောက်ကမှစ၍ကြိုးပမ်းလေ့လာခြင်းပြုနိုင်သေးသည်။ အကြောင်းမှာ ပုဂံခေတ် မတိုင်မီ မြန်မာနိုင်ငံသမိုင်းကို လေ့လာခြင်း ပြုနိုင်ရန်အတွက် ခိုင်လုံသော သမိုင်းဝင်ပစ္စည်းများ၊ အထောက်အထားများနှင့် အချက်အလက်များ ပြည့်ပြည့်စုံစုံနှင့် စနစ်တကျ ရှာဖွေစုဆောင်းမိခြင်း မရှိသေး၍ပင် ဖြစ်သည်။ ထို့ကြောင့် အတော်အတန် ခိုင်လုံသော သမိုင်းဝင်ပစ္စည်းများ၊ အထောက်

mgyoe.com

mgyoe.com

အထားများနှင့် အချက်အလက်များ အသင့်အတင့် တွေ့ရှိစုဆောင်းထားသော ပုဂံခေတ်လောက်မှ အစပြု၍သာ လေ့လာရခြင်း ဖြစ်သည်။

ငင်းအပြင် အခြားအကြောင်း တစ်ကြောင်းလည်း ရှိသည်။ ၎င်းမှာ 'ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်' ဟူ၍ ယခုခေတ်တွင် သတ်မှတ် ပိုင်းခြားထားသော ပထဝီဒေသကို ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံသမိုင်းတွင် ပထမဦးဆုံး အကြိမ် စုစည်းသိမ်းသွင်းမိသောကြောင့်လည်း ဖြစ်သည်။ ပုဂံခေတ်မတိုင်မီက မြန်မာနိုင်ငံ ဟူ၍ စည်းလုံးသိမ်းသွင်းမိခြင်း မရှိသေးချေ။ ပြုနိုင်လောက်သော ကုန်ထုတ်လုပ်ငန်းနှင့် လူ့အဖွဲ့အစည်းများလည်း မရှိသေးချေ။ လူမျိုးစုကလေးများအလိုက် အကွဲကွဲအပြားပြား ဖွဲ့စည်းတည်ထောင်ထားသော မြို့ပြ၊ ပြည်၊ ရွာနှင့် နယ်ပယ်ကလေးများ အခြေတွင်သာ ရှိသေးလျက် ယင်းသို့ ရှိနေကြသော ပြည်နယ်ကလေးများကိုလည်း တရုတ်ပြည်၊ ယူနန်နယ် နန်ချိုဘုရင်များက သော်လည်းကောင်း၊ အိန္ဒိယပြည် တောင်ပိုင်းမှ အန္ဓရာ၊ ချာလုကြာ၊ ပလဝါနှင့် ချိုလာမင်းဆက်များက သော်လည်းကောင်း၊ အင်ဒိုချိုင်းနားကျွန်းဆွယ်ဘက်မှ ခမာဧကရာဇ်ဘုရင်များက သော်လည်းကောင်း ၎င်းတို့၏ လက်အောက်ခံ၊ သြဇာခံ သို့မဟုတ် ပဏ္ဏာဆက်ပြည်နယ်ဒေသကလေးများ အဖြစ်ဖြင့် လွှမ်းမိုးဆက်ဆံနေကြသောကြောင့်လည်း ဖြစ်သည်။ ပုဂံခေတ်မှ အစပြု၍ ယင်းသို့ အကွဲကွဲအပြားပြား ဖြစ်ကာ ဘေးပတ်ဝန်းကျင်နိုင်ငံများ လွှမ်းမိုးမှုလက်အောက်တွင် ကျရောက်နေသော ပြည်နယ်ကလေးများကို သူ့ခေတ်နှင့် သူ့အခါအလျောက်၊ သူ့နည်းနှင့်သူ စည်းလုံးသိမ်းသွင်းမိလျက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကိုလည်း ပုဂံမင်းဆက်များမှ နောက်ဆုံး ကုန်းဘောင်မင်းဆက်များအထိ အချုပ်အခြာ အာဏာပိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ်ဖြင့် အိန္ဒိယပြည်၊ တရုတ်ပြည်၊ အင်ဒိုချိုင်းနား၊ သီဟိုဠ်နှင့် နောက်ဆုံး ကိုလိုနီသမားများကပါ အသိအမှတ်ပြု၍ ရှိသေခဲ့ညားလာကြသော ကြောင့် ဖြစ်သည်။

ပုဂံခေတ်သည် ၁၀ ရာစု၏ ရာစုနှစ်ဝက်ခန့်လောက်မှ အစပြုသည်။ ထို့ကြောင့် နှစ်ပေါင်း ကိုးရာကျော်ကျော်၊ တစ်ထောင်ခန့်အတွင်း၌သာ ရှိသေးသည်။ သို့ရာတွင် နှစ်ပေါင်း တစ်ထောင်ခန့်အတွင်း မြန်မာနိုင်ငံ၌ ကုန်ထုတ်လုပ်ငန်းနှင့် လူ့အဖွဲ့အစည်း အမျိုးမျိုးတို့သည် တိုးတက်လိုက်၊ ဆုတ်ယုတ်လိုက်၊ နောက်တစ်ဖန် တိုးတက်လိုက်နှင့် လည်းကောင်း၊ ယင်းကုန်ထုတ်လုပ်ငန်းနှင့်

mgyoe.com

လူ့အဖွဲ့အစည်း အမျိုးမျိုးကို ဦးဆောင် ကိုယ်စားပြုခဲ့ကြသော မင်းဆက်အသီးသီးတို့သည်လည်း ပေါ်လာလိုက်၊ ငုပ်လျှိုးသွားလိုက်၊ နောက်တစ်ဖန် ပေါ်လာလိုက်နှင့်လည်းကောင်းရှိနေခဲ့ကြသည်။ ယင်းနှစ်ပေါင်းတစ်ထောင်ခန့်အတွင်း၌မှာပင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို အကြိမ်ကြိမ် စုစည်းသိမ်းသွင်းမိလျက် အကြိမ်ကြိမ် ပျက်ပြားခဲ့ရသည်။

ပုဂံခေတ်မှ အစပြု၍ နှစ်ပေါင်းတစ်ထောင်ခန့်အတွင်း မြန်မာနိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုများသည် ပုဂံခေတ်မှ ရုတ်တရက် စတင်သည်ကား မဟုတ်ချေ။ ပုဂံခေတ်မတိုင်မီ မြန်မာနိုင်ငံ၌ ရှိနေခဲ့သော ကုန်ထုတ်လုပ်ငန်းများနှင့် လူ့အဖွဲ့အစည်းများအပေါ်တွင် လည်းကောင်း၊ အခြေအနေအရပ်ရပ်နှင့် အထွေထွေ အကြောင်းအရာများပေါ်တွင်လည်းကောင်း အုတ်မြစ်ခံသည်။ ပုဂံခေတ် မတိုင်မီ မြန်မာနိုင်ငံနှင့် ပုဂံခေတ်နောက်ပိုင်း မြန်မာနိုင်ငံတို့သည် ပထဝီဒေသတစ်ခုစီလည်း မဟုတ်ကြချေ။ တစ်ခုတည်းပင် ဖြစ်သည်။ အချိန်ကာလတစ်ခုစီနှင့် ဖြစ်ပေါ်တိုးတက်မှု၏ အဆင့်တစ်ဆင့်စီမျှသာ ဖြစ်သည်။ ထို့ကြောင့် ခိုင်လုံသော သမိုင်းဝင်ပစ္စည်းများ၊ အထောက်အထားများနှင့် အချက်အလက်များ ပြည့်ပြည့်စုံစုံ မရှိသေးစေကာမူလည်း လက်လှမ်းမီသရွေ့ အကိုးအကား အနည်းငယ်မျှနှင့်ပင် မြန်မာနိုင်ငံသမိုင်း၏ အခြေခံအုတ်မြစ် ဖြစ်သော ပုဂံခေတ်မတိုင်မီ မြန်မာနိုင်ငံသမိုင်း၏ အထွေထွေ အခြေအနေကို ရုပ်လုံးပေါ်နိုင်သမျှ ပေါ်အောင် စမ်းသပ်ရက်ရှယ်ကြည့်ဖို့ လိုလိမ့်မည်။ သမိုင်းဝင်ပစ္စည်းများ ချို့ငဲ့မှုကြောင့် အချို့ဒေသများနှင့် အချိန်ကာလတို့သည် ကွက်လပ်များ ဖြစ်နိုင်စရာ ရှိသည်။ ယေဘုယျလည်း ကျနေလိမ့်မည်။ ၎င်းအပြင်လည်း ယခင်အခန်း (၁) တွင် ရှင်းလင်းဖော်ပြထားခဲ့သည့်အတိုင်း မြန်မာနိုင်ငံနှင့် တစ်နည်းမဟုတ်လျှင် တနစ်နည်းအားဖြင့် ဆက်သွယ်လျက်ရှိသော ဘေးပတ်ဝန်းကျင်ဒေသများ၏ အထွေထွေအခြေအနေနှင့်လည်း ဆက်စပ်ကြည့်ရန် လိုအပ်လိမ့်မည် ထင်သည်။

အင်ဒိုအာရိယန်လူမျိုးများ အိန္ဒိယနိုင်ငံ ဂင်္ဂါနှင့် အိန္ဒုမြစ်ဝှမ်းများသို့ ပျံ့နှံ့ဝင်ရောက်လာခြင်း မရှိမီနှင့် မောင်းဂွတ်နွယ်ဝင်များ အာရှတိုက်အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများသို့ တိုးဝှေ့ဝင်လာခြင်း မပြုမီ လွန်ခဲ့သော နှစ်ပေါင်းလေး၊ ငါးထောင်ခန့် ပတ်ဝန်းကျင်အချိန်က မြန်မာနိုင်ငံတွင် ကျောက်လက်နက်